
# မြတ်ဘုရားရွှေတိဂုံ (ပုံတော်ခံ)

ညွှန့်မောင်ဦး (ရေးသားပူဇော်သည်)





# မြတ်ဘုရားရွှေတိဂုံ
# (ပုံတော်စုံ)

ညွှန့်မောင်ဦး
(ရေးသားပူဇော်သည်)

စီစဉ်သူ
မောင်မိုးရှိုင်(သစ္စာမြေ)

# ပုံနှိပ်မှတ်တမ်း


ထုတ်ဝေသည့်ခုနှစ်၊ လ – ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (ပထမအကြိမ်)

ထုတ်ဝေသူ – ဦးအောင်မင်း(မင်းရိုးယဉ်) (မြဲ–၀၀၂၈၁)
အောင်မင်းကျော်စာပေ၊
၆၃၁၊ ရွှေပြည်သာလမ်း၊ ၆ / အနောက်ရပ်ကွက်၊
သာကေတမြို့နယ်။ ၀၉ – ၂၅၄၃၁၄၆၈၇

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် – ဒေါ်သင်းသင်းဌေး(Good-Luck) ပုံနှိပ်တိုက်
(၁၀၁၄ / ၁)၊ မာန်ပြေ(၄)လမ်း၊
(အရှေ့) ၂/ တောင်ရပ်ကွက်၊ သာကေတ၊
ရန်ကုန်မြို့။ ဖုန်း – ၀၉ – ၄၅၀၀၂၉၄၃၈

စာလုံးပေါင်းသတ်ပုံ – ခွဲလုလင် (မအူပင်)

မျက်နှာဖုံးနှင့် စာမျက်နှာ ဖွဲ့စည်းမှုဒီဇိုင်း – ကိုနတ် (နတ်ပန်းချီ အနုပညာရပ်ဝန်း)
(၁၀၀၆)၊ အင်းဝလမ်းမကြီး၊ ၆ – ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

အုပ်ရေ – ၁၀၀၀

စီစဉ်သူ – မောင်မိုးရှိုင် (သစ္စာမြေ)
ဖုန်း – ၀၉ – ၃၁၀၂၅၁၃၀

တန်ဖိုး – ၁၅၀၀ ကျပ်

# မာတိကာ


- ညွှန့်မောင်ဦး၊ စာပေလောကသို့ ဖြတ်သန်းမှု (အတ္ထုပ္ပတ္တိ) ၅
- စီစဉ်သူ၏ မှဒိတာစကား ၇
- လေးဖြာခာတ်ပုံ မြတ်ရွှေတိဂုံ ၈
- ရွှေတိဂုံဘုရားရှိခိုး ၉
- ရွှေတိဂုံစေတီတော်မြတ်ကြီး ၁၁
- ရွှေတိဂုံစေတီဖိနပ်တော်အောက်ခြေမှာရှိသော ဘုရားဆင်းတုတော်များနှင့် ဂူဘုရားများ ၁၄
- ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်မှ အံ့ဖွယ်(၉)ပါး ဘုရားများ ၂၀
- ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်မှ အံ့ဖွယ်(၂၁)ပါး ဘုရားဘွဲ့တော်များ ၂၁
- ဆုတောင်းပြည့်ဘုရားများ ၂၅
- တောင်ဘက်စောင်းတန်းမုခ်ဦးဘုံပေါ်မှ ရှေးဟောင်းရုပ်ပွားတော်ကြီး(၂)ဆူ ၃၀
- ရွှေတိဂုံပုံတူစေတီလေး ၃၀
- နေလဘုရား ၃၀
- နဂသိဂီ သိုက်ဘုရား ၃၁
- လျောင်းတော်မူ ဘုရား(၂) ဆူ ၃၁
- ကျောက်စိမ်းဘုရား ၃၁
- စွယ်တော်ပွားဘုရား ၃၁
- နဂါးရုံဘုရား ၃၂
- ဆင်ခံဘုရား ၃၂
- ရှင်စောပုစေတီများ ၃၂
- ပလ - လဲ ဆင်မင်း ၃၂
- ချမ်းသာကြီးဘုရား ၃၇
- အောင်မင်းအောင်စေတီ ၃၇
- သဲဘုရား ၃၇
- ရွှေတိဂုံစေတီတော်ထီးတော်ကြီး ၃၈
- ငှက်မြတ်နားတော် ၃၉
- စေတီတော်ကြီး၏ စိန်ဖူးတော် ၄၀
- ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်မှ ခေါင်းလောင်းကြီး (၂)လုံး ၄၀
- ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်မှ အောင်မြေ(၃)နေရာအကျဉ်း ၄၁
- ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်မှ အောင်မြေ(၃)နေရာအကျယ် ၄၂
- နောင်တော်ကြီးစေတီ ၄၆
- ထီးတော်ရုံတန်ဆောင်း ၄၆
- ခြေတော်ရာတန်ဆောင်း ၅၁

# မာတိကာ


- ဝေဇနေယျသုခ ရေချမ်းစင်အသင်း ၅၁
- ဗုဒ္ဓဂါယာပုံတူ ၅၁
- ဂုံခင်ခင်လေးတန်ဆောင်း ၅၁
- စ-မ-ဗ-ဝ စေတီနှင့် လိုဏ်ဂူ (၅)လုံး ၅၂
- ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက် ၅၂
- မဟာဗုဒ္ဓဝင်ပြခန်းကြီး ၅၃
- ထီးတော်ပုံ စေတီများ ၅၄
- ဗောဓိညောင်ပင်များ ၅၄
- တံခွန်တိုင်များ ၅၉
- သားဆုပန်ပြဟ္မာရုပ်တု ၅၉
- ဘိုးဘိုးကြီးနှင့် ဘိုးတော်သိကြားမင်း ၅၉
- ရန်ကုန်ဘိုးဘိုးကြီး ၆၀
- ဘိုးမင်းခေါင်ရုပ်ထု ၆၀
- မမွစေတီမင်းကျောက်စာ ၆၀
- လောကပါလမယ်တော်ကြီး ၆၁
- ယက္ခညီနောင် (တောင်ဘက်မုခ်) ၆၂
- ယက္ခညီနောင် (နောင်တော်ကြီးစေတီ) ၆၃
- ဝသုန်ဒရေရုပ်တုနှင့် ဘိုးတော်ဖြူ ၆၃
- သိကြားမင်း၊ ဥက္ကလာပမင်းနှင့် မယ်လမုရုပ်တု ၆၃
- သွေးဆေးကန် ၆၄
- ရွှေတိဂုံပုံတူစေတီ ၆၄
- ဆံတော်တွင်းတန်ဆောင်း ၆၄
- အိန္ဒာခြွေဝ (နတ်ပျော်ရုပ်) ၆၉
- ဆေးပေးခန်း ၇၀
- မိကျောင်း (၂)ကောင်နှင့် ယက္ခညီနောင် ၇၀
- ရွှေတိဂုံစေတီမှာ ကျင်းပသောပွဲတော်များ ၇၀
- သိင်္ဂုတ္တရဥယျာဉ် ၇၇
- ခြသေ့ရုပ်များ ၇၈
- ရှင်ဥပဂုတ္တရေကန်ကြီး ၇၈
- ရေစင်ကြီးများနှင့် ရေလှောင်ကန်များ ၇၉
- ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်မှ သန့်ရှင်းရေးအသင်းများ ၇၉
- ကြီး(၉)ကြီး အမိဌာန်ဝင်ရန်ဘုရားများ ၈၀
- ရွှေတိဂုံစေတီမှ မှတ်တမ်းမှတ်ရာများ ၈၀
- ရွှေတိဂုံစေတီရင်ပြင်ပေါ်မှ စေတီများစာရင်း ၈၉
- ရွှေတိဂုံစေတီတော် ၏ တန်ဆောင်းကြီးလေးသွယ် ၉၀

# ညွန့်မောင်ဦး
# စာပေလောကသို့ ဖြတ်သန်းမှု
# (အကျဉ်းမှတ်တမ်း)

- အဖေ (ဦးစံဖေ)၊ အမိ (ဒေါ်ချစ်) တို့မှ (၁၉၃၈) ခုနှစ်တွင်၊ မွေးဖွားသန့်စင်ခဲ့သည်။
- အမည်ရင်းမှာ (ဦးညွန့်မောင်) ဖြစ်ပြီး မွန်ပြည်နယ် (တောင်စွန်း)ကျေးရွာဇာတိဖြစ်သည်။ (၁၉၄၂) ခုနှစ်တွင်၊ ရန်ကုန်မြို့တော်ကြီးသို့ ရောက်ရှိခဲ့ပြီး (ဗဟိုအမျိုးသားအထက်တန်းကျောင်း)၌ ပညာစတင်သင်ကြားခဲ့သည်။ (၁၉၅၈) ခုနှစ်တွင် (လ·ဝ·က)ရုံး၌ ဝင်ရောက်တာဝန်ထမ်းရွက်ခဲ့ပြီး၊ (၁၉၆၅) ခုနှစ်တွင် အခြေခံပညာအထက်တန်း (၁၀)တန်းကို အောင်မြင်ခဲ့သည်။
- ဇနီးသည်မှာ (ဒေါ်တင်လှိုင်) ဖြစ်ပြီး သားသမီး (၃) ဦး ထွန်းကားခဲ့သည်။
- စာပေလောကသို့ ကျောင်းသားအရွယ်ကတည်းက ဝါသနာကို အရင်းပြုကာ (၁၉၇၃) ခုနှစ်မှစ၍ ကဗျာများကို ရေးသားပါဝင်ခဲ့သည်။ ပထမဦးဆုံး ကလောင်အမည်မှာ (လှချော-တောင်စွန်း) ဖြစ်သည်။ တိုင်းရင်းမေ ဂျာနယ်၊ သွေးသောက်မဂ္ဂဇင်း၊ မြဝတီ၊ ဂမ္ဘီရမဂ္ဂဇင်း၊ သူရဋ္ဌမဂ္ဂဇင်း၊ ဂန္ထရီမဂ္ဂဇင်း၊ မနစာရီမဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်း၊ ရောင်ပြန်မဂ္ဂဇင်း၊ လပြည့်ဝန်း မဂ္ဂဇင်း၊ လိျှုဝှက်သည်းဖို စသည့်မဂ္ဂဇင်းများနှင့် အခြားဂျာနယ်တို့တွင် ယနေ့အထိ ပါဝင်ရေးသားလျက်ရှိသည်။ နောက်ပိုင်းတွင် (ကဗျာ) ရေးသားမှုနည်းပါးခဲ့ပြီး ဝတ္ထုနှင့်ဆောင်းပါးများကို ဦးစားပေးရေးဖွဲ့ခဲ့သူဖြစ်သည်။
- ဒုတိယ (ကလောင်အမည်) ဖြစ်သော ညွန့်မောင်ဦး (ကို) လူသိပိုမိုများပြားခဲ့သည်။

- စာပေလောက၌ ထုတ်ဝေခဲ့ပြီးသည့် ပထမဆုံးလုံးချင်းမှာ ရွှေတိဂုံစေတီတော်မှ၊ အံ့ဖွယ် (၂၁)ပါး ဆောင်းပါးပေါင်းချုပ်ဖြစ်၏။ ထိုလုံးချင်းစာအုပ်သည် ယနေ့အထိ (၇) ကြိမ်မြောက်ရိုက်နှိပ်ထုတ်ဝေနိုင်ခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ တောင်ဥက္ကလာပမြို့နယ်၊ စာရေးဆရာအသင်းဝင်အမှတ် (၇၅၅၄) ဖြစ်ပြီး မြို့နယ်သက်ကြီးစာပေပညာရှင်အဖြစ် ကန်တော့ခံပါဝင်လျက်ရှိပါသည်။
- (၁၉၇၆) ခုနှစ်တွင်၊ ဇနီးသည် ကွယ်လွန်ခဲ့သဖြင့် သားသမီးများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် အစိုးရဝန်ထမ်းဘဝမှ ထွက်ခဲ့ပြီး ရွှေတိဂုံစေတီတော် (တောင်ဘက်စောင်းတန်း)ရှိ နေဝန်းနီ၊ နိဗ္ဗာန်ကုန်နှင့် ဓမ္မရသစာအုပ်စာပေများ အရောင်းဆိုင်ကို ဖွင့်လှစ်ထား၍ စာပေရေးသားရင်းမှ ဈေးရောင်းချလျှက်ရှိသည်။
- ယခု (ဒုတိယ)မြောက် ကြိုးပမ်းမှုဖြစ်သည်။ (မြတ်ရွှေတိဂုံ ပုံတော်စုံ) သမိုင်းအကျဉ်းကို လုံးချင်းစာအုပ်အဖြစ်ပြုစုထုတ်ဝေလိုက်ပါသည်။
- ကလောင်အမည် (ညွှန့်မောင်ဦး) ဖြစ်သည်။ ယခုအခါ အိမ်အမှတ် (၆၀၀)၊ လမ်း (၂၀)၊ (၁၀) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်တွင်နေထိုင်လျှက်ရှိသည်။

## စီစဉ်သူ၏ မှတ်ဖွယ်စကား

မြတ်ဘုရားရွှေတိဂုံ (ပုံတော်စုံ) အမည်နာမဖြင့် မှတ်တမ်းပြုစု၊ ရှာဖွေတင်ဆက် ရေးသားသူမှာ (ဆရာ - ညွှန့်မောင်ဦး) ဖြစ်ပါသည်။

ကျွန်တော်နှင့် နှစ်ပေါင်း (၃၀) ကျော်ကျော် ကာလ၊ ကျွန်တော်ကဗျာဆရာ ပေါက်စဘဝထဲက သူသည် (လှချော-တောင်စွန်း) ဟူသည့် ကလောင်အမည်ဖြင့် စာမျက်နှာများထက်တွင် နေရာရရှိခဲ့ပြီးဖြစ်ပေသည်။

ကျွန်တော်၏အရှေ့က လမ်းပြလျှောက်လှမ်းခဲ့သူ စာပေနောင်တော်ကြီးအဖြစ် ညီရင်းအစ်ကိုသဖွယ် ခင်မင်ရင်းနှီးခဲ့ကြပေသည်။

ထို့နောက် သူ၏စာပေလက်ရာ ပထမဆုံးလုံးချင်းသည်၊ ဇေယျာမြေစာပေတိုက်မှ ထုတ်ဝေသော (ရွှေတိဂုံစေတီတော်နှင့် အံ့ဖွယ် (၂၁) ဌာန) စာအုပ်ဖြစ်ပြီး ၂၀၁၇ ခုနှစ်၊ အထိ (၇) ကြိမ်ပင် ရိုက်နှိပ်ဖြန့်ချိနိုင်ခဲ့၏။

ယခုလည်း ကျွန်တော်၏ နောင်တော်ကြီး (ဆရာ-ညွှန့်မောင်ဦး)က သူ၏ (ဒုတိယမြောက်) စာအုပ်အား ကြိုးပမ်းထုတ်ဝေမှုပြုခဲ့ပြန်ရာ ထိုစာအုပ်အတွက် (စီစဉ်ဆောင်ရွက်ပေးသူအဖြစ်) ကျွန်တော့်အား တာဝန်ပေးအပ်လာပါသဖြင့် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။ နဂိုကတည်းက လူပုဂ္ဂိုလ်အား ကြည်ညိုရင်းစွဲရှိထားသူပီပီ ကျွန်တော့်ဘက်က တတ်စွမ်းသမျှ အားထည့်ကာ စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး(လေးဖြာဓါတ်ပုံ၊ မြတ်ရွှေတိဂုံ) ဟူသော ကဗျာတစ်ပုဒ်ကိုပါ ပါဝင်အားဖြည့်လျှက် စာပေသစ္စာ လေးမြတ်စွာပြု၍ ရေးသားပူဇော်အပ်ပါသည်။

ကျွန်တော်၏ နောင်တော်ကြီး (ဆရာ-ညွှန့်မောင်ဦး) သည် နေကောင်းကျန်းမာ သက်ရှည်စွာဖြင့် စာပေများစွာ ဆက်လက်ထုတ်ဝေနိုင်ပါစေဟု ဆုမွန်ချွေလျှက်···

**မောင်မိုးလှိုင်(သစ္စာမြေ)**
**(၂၀၁၅) ခုနှစ်၊ ထွန်းဖောင်ဓေးရှင်း(ကဗျာ)ရွှေဆုရှင်**
**(၂၀-၁၂-၂၀၁၇)**

## "လေးဖြာဓာတ်ပုံ မြတ်ရွှေတိဂုံ"

လူနတ်ပြဟ္မာ
သဒ္ဓါထူးခြား၊ ပေါင်းစုအားနှင့်
ရွှေသားရုပ်တု၊ သွန်းဖွဲ့ပြု၍
ကောင်းမှုစေတနာ၊ ရတနာမျိုးစုံ
နှိုင်းမကုန်အောင်၊ ပြည့်စုံအလှူ
ပန်ဆုယူကြ၊ ပြည်သူနှင့်မင်း
အောင်ပွဲခင်းပြီ
အောင်ခြင်းမင်္ဂလာ ကမ္ဘာကျော်။
လူကတစ်ရစ်
နတ်တစ်ရစ်ဟု၊ ပေါင်းစုညီညာ
အခြေသာစွ၊ "သိင်္ဂုတ္တရ" တွင်
ထွန်းပဘုန်းရောင်၊ ပင့်ယူဆောင်သည့်
ညီနောင်အလှ၊ "တဖုဿ"နှင့်
"ဘလ္လိက"တို့၊ ဗုဒ္ဓမြတ်စွာ
ချီးမြှင့်ပါသော၊ "မဟာမွေသရီ"
ဓာတ်ညီရှစ်စုံ၊ ဆံတော်ဂုဏ်နှင့်
"သံ၊ ဂုံ၊ ပ" ရှင်၊ ထွတ်သခင်တို့
သုံးလိုစုံပျော်၊ တောင်ဝှေးတော်နှင့်
သောက်တော်ရေစစ်၊ သင်္ကန်းစစ်မှန်
မကျန်"သင်းပိုင်း"၊ နတ်ပြိုင်ညွှန်ပြ
"ပရိဘောဂ"၊ ရကြစုံညီ
ပေါင်းစုတည်ခဲ့၊ ထည့်သွင်းဌာပနာ
လေးဖြာဓာတ်စုံ၊ "ရွှေတိဂုံ"ကို
အာရုံစိတ်တွင်၊ မိဋ္ဌာန်တင်၍
ပြည်ခွင်နိဗ္ဗာန်၊ တရားမှန်နှင့်
စီမံပူဇော်ခဲ့ပါ၏။
ဩော်··· ကမ္ဘာတစ်လွှား
ထူးခြားဂုဏ်ရည်၊ ရွှေစေတီဟု
ရွှေပြည်မြန်မာ၊ "ဥက္ကလာပ"
မင်းကြီးမှသည်၊ စေတီဒါယကာ
အဖြာဖြာလင်း၊ မင်းအဆက်ဆက်
ကောင်းမှုဆက်တည်၊ ပြည်သူပြည်သား
ဆင့်ပွားယနေ့၊ ဖူးတွေ့မဝ
"ဩကာသ"နှင့်၊ ဓမ္မအမွေ
ကျော်ကြားပေ၏
မြတ်ရွှေတိဂုံ အံ့ချီးမကုန်။ ။

**မောင်မိုးလှိုင် (သစ္စာမြေ)**

## "ရွှေတိဂုံစေတီတော် သမိုင်းအကျဉ်း"
## "ရွှေတိဂုံဘုရားရှိခိုး"

အောင်ကြောင်းမင်္ဂလာ - အောင်ဗေယျာတည့် - မဟာမုနိ - တုမရှိလျှင် ဗောဓိညောင်ရွှေ - ပလ္လင်မြေမှ - လှည့်ခြွေစိုးစံ - သတ်ဗြာနံတွင် - ခက်လှံ့ညွန့်ဝေ - လင်းလွန်းမြေဝယ် - နေစဉ်အခါ - ဥက္ကလာမှ - ကမ္ဘာထူးလှ - တဖုဿနှင့် - ဘလ္လိကမောင် - ညီနှင့်နောင်တို့ - ဘုန်းခေါင်ထံပါး - ရောက်လာပြား၍ - နှစ်ပါးမွေးထုံ - သရဏဂုံနှင့် - ရှစ်စုံဆံမြတ် - သရီဓါတ်ကို - ရလတ်သောခါ - မင်းမြတ်စွာနှင့် - ဒေဝါအများ - မိုးသိကြားတို့ - ကျိုးစားမယုတ် - လွန်အားထုတ်၍ - သိင်္ဂုတ်တောင် တွင် - တိဂုံရှင်ကို - ဖူးမြင်စေကာ - ဌာပနာ၏ - ရှေ့ခါရိပ်မြုံ - စံကြတုံသည် - သံ-ဂုံ-ပ-ရှင် - ထွင့်သခင်တို့ - နောင်တွင်မျှော်ဆ - ကောင်းကျိုးရဖို့ - ဓမ္မကရိက် - ခြောက်ရောင်ဆိုင်နှင့် - သင်းပိုင်ရေသနုပ် - ဆန်းစွာလုပ်သည့် - လက်ဆုပ်တောင် ဇေး - ဂုဏ်ရောင်ပြေးလျှက် - ကြိုင်မွှေးပျံ့သင်း - ဤတောင်မင်း၌ - သီတင်းသုံးရာ - မှန်ခဲ့ပါ၏ - လေးဖြာစုပုံ - လေးဓာတ်စုံသား - တိဂုံဆံရှင် - မြတ်သခင်ကို - အိပ် လျှင်ရှိခိုး - နိုးလျှင်မိဗ္ဗာန် - ပြည်နိဗ္ဗာန်ကို - အမှန်ရောက်ရပါလိုသောဝ် - မြတ်ရှင် စော -

သြကာသ - သြကာသ - သြကာသ ။



ယခုမြင်ရသော ရွှေတိဂုံ



ဥက္ကလာပမင်းကြီး၏ မေညီးတော် သိကြားမင်း



ဥက္ကလာပမင်းကြီး၏ မယ်တော် မယ်ဂုဏ



ရွှေတိဂုံစေတီတော်မြတ်ကြီးကို တည်ထားကိုးကွယ်သည့်
ဥက္ကလာပမင်းကြီး

## "ရွှေတိဂုံစေတီတော်မြတ်ကြီး"

ရွှေတိဂုံစေတီတော်မြတ်ကြီးစံပယ်တော်မူရာ တောင်ကုန်းမြင့်ကြီးကို သိင်္ဂုတ္တရ ကုန်းဟုခေါ်သည်။ သိင်္ဂုတ္တရကုန်းအဓိပ္ပါယ်မှာ ရွှေရောင်အဆင်းရှိသောတောင် ဟူ၍ အဓိပ္ပါယ်ရသည်။ ထိုသိင်္ဂုတ္တရတောင်ကို ရှေးပညာရှင်များက ဘူမိဒတ္တ - သတ္တဘူမိ - ပေါက္ခရဝတီ - သီဟရာဇာ - တမ္ဗကုတ္တ - တိကုမ္ဘ - သိင်္ဂုတ္တရ - ဟူ၍အမည် (၇)မျိုးရှိကြောင်းတွေ့ရသည်။

ထိုသိင်္ဂုတ္တရကုန်းတော်ပေါ်မှာ - ဂေါတမဘုရားရှင်ပွင့်တော်မူစ မဟာသက္ကရာဇ် (၁၀၃) ခုနှစ်မှာ ကုန်ရောင်းသွားသော ကုန်သည်ညီနောင် တဖုဿနှင့် ဘလ္လိကတို့က မဇ္ဈိမတိုင်းမှာ ဘုရားပွင့်တော်မူကြောင်း ကြားရ၍ ဘုရားရှင်အားအဖူးမျှော်သွားပြီး မိမိတို့ ၌ပါလာသော ပျားမုန့်ဆမ်းပေါက်ပေါက်ဆုတ်များကို လှူဒါန်းကြရာမှာ ဘုရားရှင်က မုန့်ဆမ်းများ ဘုဉ်းပေးတော်မူ၍ ဆံတော်(၈)ဆူကို ကုန်သည်ညီနောင်အားပေးသနားတော်မူလိုက်သည်။

ကုန်သည်ညီနောင်က ဆံတော်(၈)ဆူကိုပင့်ဆောင်လာပြီး မိမိတို့တိုင်းပြည် ရောက်လာသောအခါ ဥက္ကလာပမင်းကြီးကိုလှူပါသည်။ ဥက္ကလာပမင်းကြီးမှာ ဆံတော် ကိုဖူးမြင်ရသောအခါ အလွန်ဝမ်းမြောက်လှ၍ စေတီတည်ရန် သိကြားမင်း၊ ဥက္ကလာပ မင်းနှင့် ကုန်သည်ညီနောင်တို့ စေတီတည်ရန် နေရာရှာကြရာ သိင်္ဂုတ္တရကုန်းကို တွေ့၍ စေတီတည်ကြသည်။



ထီးတော်ခဝိရှိ ဆည်းလည်းများ



ရှင်ပြုဝိဓာတော်ကိုဖွဲ့ရှိ [illegible]
[illegible] လှူဒါန်းထားသော [illegible]



ထီးတော်မှ ခေါင်းလောင်း



ရုပ်တော် သိကြားမင်း

စေတီတည်ရာမှာ သိကြားမင်းနှင့် နတ်များ ဥက္ကလာပမင်းကြီးနှင့် ပြည်သူပြည်သားများကုန်သည်ညီနောင်နှင့်တပည့်များ ဝိုင်းဝန်းကူညီကြသည်။ စေတီတည်ရာမှာ ဆံတော်(၈)ဆူကို ကျောက်သံပတ္တမြားများနှင့် ရတနာမျိုးစုံခြံရံ၍ ရွှေသဘော်ပေါ်မှာတင်ပြီး သံကွန်ခြာများအုပ်ထားပြီး ရှေးဘုရားရှင်များ၏ အသုံးအဆောင်ပရိဘောဂပစ္စည်းများကိုလည်း ရတနာမျိုးစုံခြံရံ၍ ငွေသဘော်ပေါ်တင်၍ သံကွန်ခြာအုပ်၍ လှျုဒါန်းထားပြီး ထိုဌာပနာများကို မယူနိုင်အောင် ဓားစက်၊ လုံစက်များပြုလုပ်ထားသည်ဟု ဆိုပါသည်။ သိကြားမင်း ဥက္ကလာပမင်းနှင့် ကုန်သည်ညီနောင်တို့ တည်သောစေတီမှာ ဥဿဘ်တော်(၄၄)တောင် မြင့်ပြီး ရွှေတိဂုံစေတီတော်ဟု ဘွဲ့တော်ပေးခဲ့ပါသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ ဘုရားရှင်ပွင့်တော်မူချိန် မဟာသက္ကရာဇ် (၁၀၃) ခုနှစ်မှာ တည်၍ အစောဆုံး အဦးဆုံး ပထမဦးဆုံးတည်သော စေတီတော်မြတ်ကြီးဖြစ်ပြီး ယခုအချိန်မှာ (၂၆၀၀)နှစ်ကျော်သွားပြီဖြစ်သည်။

ဆံတော် - ဓာတ်တော် - ရှေးဘုရားတို့ ပရိဘောဂအသုံးအဆောင်ပစ္စည်းများ ဌာပနာထားသော ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ တန်ခိုးအလွန်ကြီး၍ ဆုတောင်းပြည့်သော စေတီတော်ကြီးဖြစ်သည်။



ထီးမိုးစုံပြုလုပ်ပြီး အုတ်ဂူစေတီများ

## "ရွှေတိဂုံစေတီဖိနပ်တော်အောက်ခြေမှာရှိသော ဘုရားဆောင်းတန်ဆောင်းတော်များနှင့် ဂူဘုရားများ"

ရွှေတိဂုံစေတီဖိနပ်တော်ပတ်လည်မှာ ဂူဘုရားများ ရုပ်ပွားတော်များ၊ တိုက်စေတီများ၊ သိကြားရုပ်များ၊ ဗြဟ္မာရုပ်များ၊ နတ်ရုပ်များ၊ နဂါးရုပ်များ၊ ဂဠုန်ရုပ်များ၊ ယက္ခရုပ်များ၊ ကုမ္ဘဏ်ရုပ်များ၊ ဇော်ဂျီရုပ်များနှင့် ကျောက်ပန်းအိုးကြီးများ၊ သံပန်းခိုင်များ၊ မနုဿီဟရုပ်များ၊ ဟင်္သာရုပ်များ၊ ဆင်ရုပ်များကို စေတီတော်ကြီးအောက်ခြေပတ်လည်မှာ ကပ်လှူထားကြသည်မှာ မရေမတွက်နိုင်အောင်များပြားပြီး စေတီတော်ကြီးပတ်လည်ကို ဆီမီးခုံနှင့်ဝိုင်းရံထားပါသည်။

ဆီမီးခုံပတ်လည်မှာ စေတီတော်အားဆီမီးဖယောင်းတိုင်၊ အမွှေးတိုင်များထွန်းငြိပူဇော်ကြပါသည်။ အတွင်းမှာရှိသော ဂူဘုရားများမှာ ပုတီးစိပ်မိဌာန်ဝင်နေသူများရှိပါသည်။



ဆောင်ဘက် ဆောင်းတန်းမုခ်ဦးပုံ



ဗုဒ္ဓဝင်ပြခန်းရှိဘုရား



ရှစ်ဗဝဝိးဘုရား


ဆုတောင်းပြည့်ဘုရား




တိုးတိုးတောင် ရှုဘုရား



ဘိုးဘိုးအောင် ဘန်ခေါင်းအတွင်းရှိ ရုပ်ပွားတော်



မဏ္ဍာပြားမျှော်ရှင်ဘုရား



ရွှေထီးတော်မှ ငှက်မြတ်နားတော်



ဧနဂ ဘုရား



ဆယ်ခေါက်မှုဘုရား

"ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်မှ ဆုံဖွယ်(၉)ပါး ဘုရားများ"

၁။ ပတ္တမြားမျက်ရှင်ဘုရား
အထက်ပစ္စယာ၊ တနင်္လာထောင့်မှာရှိသည် (အမျိုးသမီးများ မတက်ရပါ။)

၂။ ကကုသန်ဘုရား (လက်ပက်လက်)၊
အရှေ့ဖက်အာရုံခံတန်ဆောင်းအတွင်းမှာရှိသည်။

၃။ ဝိဇ္ဇာ-ဇော်ဂျီဘုရား
စနေထောင့်မှာရှိသည်။

၄။ ရှင်စောပုဘုရား
ရာဟုထောင့်၊ အောင်မြေနားမှာရှိသည်။

၅။ ဆံတော်တွင်းဘုရား
ဂေါတမဘုရား အာရုံခံတန်ဆောင်မှာရှိသည်။

၆။ ရှင်မထီဘုရား
နောင်တော်ကြီးစေတီအနောက်မှာ ရှိသည်။

၇။ ရှင်အဇ္ဇဂေါဏဘုရား
နောင်တော်ကြီး စေတီအရှေ့ဖက်မှာရှိသည်။

၈။ ဘိုးဘိုးအောင်ဘုရား
တနင်္ဂနွေထောင့်လှိုင်ဂူအတွင်းမှာရှိသည်။

၉။ ပြဒါးရှင်ဘုရား
အင်္ဂါထောင့်အနောက်ဖက်ကြားမှာရှိသည်။

## "ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်မှ ဖူးမြော်ဖွယ်(၂၁)ပါး ဘုရားအဆွဲတော်များ"

၁။ ရွှေတိဂုံစေတီတော်မြတ်ကြီး
၂။ ကကုသန်ဘုရား၊ အရှေ့ဖက်အာရုံခံတန်ဆောင်းအတွင်းမှာရှိသည်။
၃။ ကောဏာဂုံဘုရား၊ တောင်ဘက်အာရုံခံတန်ဆောင်းမှာရှိသည်။
၄။ ကဿပဘုရား၊ အနောက်ဖက်အာရုံခံတန်ဆောင်းမှာရှိသည်။
၅။ ဂေါတမဘုရား၊ မြောက်ဖက်အာရုံခံ တန်ဆောင်းမှာရှိသည်။
၆။ ပတ္တမြားမျက်ရှင်ဘုရား၊ အထက်ပစ္စယံမှာရှိသည်။
၇။ အင်းပန်းပေါင်းဘုရား၊ အဂ္ဂိထောင့်ကလျာဏပါရမီအသင်း အာရုံခံတန်ဆောင်း မှာရှိသည်။ ရုပ်ပွားတော် (၅) ဆူရှိသည့်အနက် အလယ်မှ ဘုရားဖြစ်သည်။
၈။ ပန်းပေါင်းဘုရား၊ တနင်္လာထောင့် ဘိုးဘိုးအောင်ဘုရားအနီး ဘုရား(၃)ဆူအနက် အလယ်ဘုရားဖြစ်သည်။ အင်းပန်းပေါင်းဘုရားနှင့်မျက်နှာတော်တူသည်။
၉။ ဝိဇ္ဇာ-ဇော်ဂျီဘုရား၊ စနေထောင့် နေလဘုရားအနီးမှာမှာရှိသည်။ ပြာသဒ်ပေါ် မှာ ဇော်ဂျီရုပ်ရှိသည်။
၁၀။ ရှင်စောပုဘုရား၊ ရာဟုထောင့်၊ အောင်မြေနားမှာရှိသည်။ ဘုရားရှေ့မှာ စကား ဝါပင်ရှိသည်။
၁၁။ ဘိုးဘိုးအောင်၊ ဂူဘုရား၊ တနင်္ဂနွေထောင့်မှာရှိသည်။ ဘိုးဘိုးအောင် ဘုရား(၂) ဆူရှိသည့် အံ့ဖွယ်ဂူဘုရားမှာ စေတီတော်ကြီး ဆံတော်တွင်းသို့ သွားရှိရသည်။
၁၂။ ကျောက်မျက်ရှင်ဘုရား၊ ရာဟုထောင့် အောင်မြေအနီးမှာရှိသည်။
၁၃။ ဆံတော်တွင်းဘုရား၊ မြောက်ဖက်မုခ်၊ ဂေါတမဘုရားအာရုံခံတန်ဆောင်း မျက်နှာချင်းဆိုင်မှာရှိသည်။
၁၄။ နောင်တော်ကြီးစေတီ၊ တနင်္ဂနွေထောင့်အနောက်ဖက်မှာရှိသည်။ အမျိုးသမီးများ မတက်ရပါ။

၁၅။ ပြဒါးရှင်ဘုရား အဂ္ဂိထောင့်လမ်းကြားမှာရှိသည်။

၁၆။ ရှင်မထီးဘုရား၊ နောင်တော်ကြီးစေတီ အနောက်ဖက်မှာရှိသည်။

၁၇။ ရှင်အဇ္ဇဂေါဏဘုရားနောင်တော်ကြီးစေတီ အရှေ့ဖက်မှာရှိသည်။

၁၈။ ဘိုးဘိုးအောင်ဘုရား၊ တနင်္ဂနွေထောင့်ထီးတော်ပုံစေတီနားမှာရှိသည်။

၁၉။ ဘီလပ်ပြန်ဘုရား၊ အဂ္ဂိထောင့်တံခွန်ကြီးအတွင်းမှာရှိသည် မတ်ရပ်တော်ဖြစ်သည်။

၂၀။ ဘီလပ်ပြန်ဘုရား၊ သာယာဝတီမင်းခေါင်းလောင်းဘေး တန်ဆောင်းမှာတည်ရှိသည်။ မတ်ရပ်တော်ဖြစ်သည် ဘီလပ်မှပြန်ပို့သော သံသေတ္တာပါပြထားသည်။

၂၁။ ကိုးနဝင်းဘုရား၊ ရာဟုထောင့်စဉ့်ကူးမင်းခေါင်းလောင်း အနောက်ဖက်၊ ကိုးနဝင်းတန်ဆောင်းတည်းမှာရှိသည်။ ရုပ်ပွားတော်၊ အုတ် (၃)ဆူ၊ ကျောက် (၃) ဆူနှင့် သစ်သား (၃)ဆူ ပြုလုပ်ထားသည်။ (၁ + ၂ + ၆) (၉)နဝင်းဖြစ်သည်။



ရှေးဟာ ရွှေတိဂုံစေတီတော် အနောက်ဘက်



မြဒိးရှစ်ဘုရား



စဥ့်ကူးမင်းခေါင်းလောင်း



ရှေးဟောင်းတန်ဆောင်း၌ ဘုရားများ



ဿာမယာဒေါ်ပင်းခေါင်းလောင်း

ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်မှ အံ့ဖွယ် (၉)ပါး၊ အံ့ဖွယ် (၂၁)ပါး ဘုရားများအပြင် ဆုတောင်းပြည့်ဘုရားများရှိသေးသည်။

ထိုဘုရားရုပ်ပွားတော်များမှာ -

၁။ **ဆယ်တော်မူဘုရား**

ရွှေတိဂုံစေတီတော်ဂေါပကရုံးအနီးရှိ တန်ဆောင်းထဲမှာ ရှိသည်။ နေ့စဉ် ဘုရားဖူးလာသူများ ပုတီးစိပ်၊ မိဘ္တာန်နေကြသည်။

၂။ **ရှင်မကွဲဘုရား**

ဗုဒ္ဓဟူးထောင့် ရင်ပြင်တော်လူသွားလမ်းဘေးမှာရှိသည်။ ချစ်သူ - စုံတွဲများ ဆုတောင်းနေကြသည်။

၃။ **လက်ညှိုးတော် ရေကျဘုရား**

အင်္ဂါထောင့် ရှင်မကွဲဘုရားနားမှာရှိသည်။ ရေကျ သည်ကို ဘုရားဖူးလာသူများ စောင့်ကြည့်နေကြသည်။

၄။ **ပခေါ်ရှိ စေတီ**

တနင်္ဂနွေထောင့် နောင်တော်ကြီးစေတီနားမှာရှိသည်။ စေတီခြေရင်းမှာ ယက္ခရုပ် ဦးခေါင်းများရှိသည်။

၅။ **သိုက်စေတီလေး**

နောင်တော်ကြီးစေတီနားရှိ ထန်းပင်နားမှာရှိသည်။ စေတီလေးမှာ ပွဲများ မပြတ်တင်ပြီး ပုတီးစိပ်နေကျသည်ကို မြင်ရသည်။ ယခင်က သီလရှင်တစ်ပါးဆွမ်းတော်အမြဲကပ်နေပြီး ယခုလူဝတ်နှင့်ခေါင်းလောင်းကြီးတန်ဆောင်ပေါ်မှာ ပွဲများတင်၍ ဆွမ်းတော်ကပ်နေသည်။

၆။ **ရှင်အရဟံတန်ဆောင်းမှ ရှေးဟောင်းဘုရား**

ရှင်အရဟံတန်ဆောင်းမှာ နောင်တော်ကြီးဘေးမှာရှိသည်။ ထိုတန်ဆောင်းအနောက်ဖက်တွင် ဘုရားရုပ်ပွားတော်များရှိသည်။ ရုပ်ပွားတော်များအလယ်မှ ဘုရားတစ်ဆူမှာ ရှေးဘုရားရုပ်ပွားတော်ကြီးဖြစ်သည်။ ဆုတောင်းပြည့်သည်ဟူ၍ လူလျှောက်လမ်းကျဉ်းကျဉ်းလေးထဲတွင် တစ်ယောက်ပြီးတစ်ယောက်ဝင်ပုတီးစိပ်နေကြသည်။

၇။ **တောင်ဘက်မုခ်ဦးထိပ်မှ ဆုတောင်းပြည့်မတ်ရုပ်တော် (၂)ဆူ**

ထိုဘုရား မတ်ရုပ်တော် (၂)ဆူကို သာယာဝတီမင်းတောင်ဘက်စောင်းတန်းမုခ်ဦးကြီးကို လှူတန်းစဉ်က လူသွားလမ်းဘေးမှာ မျက်နှာချင်းဆိုင်ဘယ်ဘက်တစ်ဆူ ယာဘက်တစ်ဆူလှူဒါန်းခဲ့သော မတ်ရုပ်တော်များဖြစ်သည်။ ထိုမတ်ရုပ်တော် (၂)ဆူမှာဘုရားဖူးလာသူများက ပွဲများတင်ကြပြီး စောင်းတန်းတည်းမှ ဈေးသည်များကလည်း ဘုရားပန်းများမပြတ်လှူသည်။ သင်္ကန်းတော်များလည်း ကပ်ကြသည်။



ဓမ္မဓေဝေါ် ဘုရား


ကျောက်စိမ်း ဘုရား



ရွှေတိဂုံစေတီတော် စိန်ဖူးတော်

## တောင်ဘက်စောင်းတန်းမုခ်ဦးဘုံပေါ်မှ ရှေးဟောင်း ရုပ်ပွားတော်ကြီး (၂)ဆူ

သာယာဝတီမင်းတောင်ဘက်မုခ်ဦးကြီးကို လှူဒါန်းရာမှာ စောင်တန်ဘုံအပေါ်ပိုင်းမှာ မြင့်မိုရ်တောင်ပုံသဏ္ဌာန်၊ နဂါးရုပ်၊ ဂဠုန်ရုပ်များ၊ ကုမ္ဘာဏ်ရုပ်မျိုးစုံပြုလုပ်လှူဒါန်းပြီး ဘုံအပေါ်ပိုင်းမှာ ဘုရားရုပ်ပွားတော်ကြီး (၂) ဆူကို တဖက်တစ်ဆူဆီလှူဒါန်းခဲ့ပါသည်။ ဘိုတော်ရုပ်ပွားတော်ကြီးနှစ်ဆူမှာ၊ အောက်မှကြည့်၍မမြင်ရသည့်အပြင် ဘုံပေါ်ကိုတက်ရန်လည်း လမ်းမရှိပါ။ ဘုရားဖူးလာသူများ မသိကြပါ။ သာယာဝတီမင်းမှာ ဆုတောင်းပြည့်မတ်ရုပ်တော် (၂)ဆူ၏ အောက်နားမှာ ယက္ခညီနောင်ကိုလည်း လှူခဲ့သည်။

## 'ရွှေတိဂုံပုံတူစေတီလေး'

ရွှေတိဂုံပုံတူစေတီလေးမှာ ဗုဒ္ဓဟူးထောင့်ရင်ပြင်တော်အနီးရှိ တန်ဆောင်းမှာ ရှိသည်။ တန်ဆောင်းထဲမှ ရွှေတိဂုံစေတီတော်မြတ်ကြီးကိုလှမ်းပြီးဖူးနေ၍ရသည်။ ကုန်းတော်ပေါ်မှာရှိကျသော တန်ဆောင်းများထဲတွင် စေတီတော်ကြီးကိုအနီးဆုံးမြင်ရသော နေရာဖြစ်သည်။ ရွှေတိဂုံပုံတူစေတီလေးရှေ့မှာလည်း ပုတီးစိပ် တရားထိုင်နေကြသူများရှိသည်။

## 'နေလဘုရား'

နေလဘုရားမှာ ရွှေတိဂုံစေတီတော် စနေထောင့်ဂြိုဟ်တိုင်နားမှာရှိသည်။ နေလဘုရားအနားတွင် မင်း (၅)ပါးဘုရားရုပ်ပွားတော်ရှိသည်။ ဝိဇ္ဇာ၊ ဇော်ဂျီဘုရားနှင့် ရွှေတိဂုံဘိုးဘိုးကြီး၊ ဘိုးတော်သိကြားနတ်နန်းများလည်း ရှိ၍ စနေထောင့်မှာ စည်ကားသော နေရာဖြစ်၍ နေလဘုရားရှေ့မှာ ပုတီးစိပ် တရားထိုင်နေသူများလည်းရှိသည်။

## နဂသိဂီ သိုက်ဘုရား

ရွှေတိဂုံစေတီတော် အနောက်ဖက်ရင်ပြင်တော် မုခ်ဦးဘေးထိပ်မှာရှိသည်။ ယခင်က တန်ချိန်တန် + ဒေါ်ကြည်ကြည် လှူဒါန်းထားသော တန်ဆောင်းဖြစ်ပြီး ယခင်အခါက သိုက်ဘုရားဟုဆိုပြီး ဂူထဲမှဘုရားကို သိုက်ပွဲများလာလှူကြသည်။ ယခုနောက်ပိုင်းမှာ တန်ဆောင်းအပြည့်ဘုရားရုပ်ပွားတော်များ တည်ထားပြီး ရုပ်ပွားတော်များကို ရွှေများချထားသည်။ လိုဏ်ဂူထဲမှ ရုပ်ပွားတော်ရှေ့မှာ လူများဝင်ရောက်ပြီး ပုတီးစိပ် နေကြသည်ကို မြင်ရပါသည်။

## 'လျောင်းတော်မူ ဘုရား (၂) ဆူ'

ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်မှာ လျောင်းတော်မူ ဘုရား (၂)ဆူရှိပါသည်။ ပထမလျောင်းတော်မူဘုရားမှာ ရင်ပြင်တော်အနောက်ဖက်မုခ်အနီးရှိ ရွှေဂူဏ်မြင့် တန်ဆောင်းထဲတွင်ရှိပြီး ဒုတိယလျောင်းတော်မူဘုရားမှာ ရွှေတိဂုံစေတီအရှေ့ဘက်မုခ် ရှိ ရေကြည်တော်အသင်းတန်ဆောင်းထဲတွင်ရှိသည်။

## 'ကျောက်စိမ်းဘုရား'

ကျောင်းစိမ်းဘုရားမှာ ရင်ပြင်တော်၊ စနေထောင့်ရှေ့မှာရှိသော (စီ-အမ်-အေ) တန်ဆောင်းအတွင်းမှာရှိသည်။ စစ်အစိုးရလက်ထက် (၁၉၉၅) ခုနှစ်မှာ လှူဒါန်း ထားသော ဘုရားတစ်ဆူဖြစ်သည်။

## 'နွယ်တော်ပွားဘုရား'

ရွှေတိဂုံစေတီတော်၊ ကြာသပတေးထောင့်ရင်ပြင်တော်ပေါ်ရှိ ကြည့်မြင်တိုင် ပတင်းတန်းတန်ဆောင်းမှာရှိသည်။

## 'နဂါးရုံဘုရား'

နဂါးရုံဘုရားမှာ ကြာသပတေးထောင့်အနောက်ဖက် ပြတိုက်ပိဋကတ်တိုက် မော်ကွန်းတိုက်ရှေ့တွင်ရှိသည်။

## 'ဆင်ခံဘုရား'

ဆင်ခံဘုရားမှာ ကြာသပတေးထောင့်ရှိ ရွှေတိဂုံစေတီတော်ကြီး ဖိနပ်တော် အောက်ခြေရှိ ဂူဘုရားများထဲတွင်ရှိသည်။ ကုန်းတော်ပေါ်တွင် နဂါးရုံဘုရားနှင့် ဆင်ခံဘုရား တစ်ဆူစီသာ ရှိသည်။

## 'ရှင်စောပုစေတီများ'

ရှင်စောပုစေတီများမှာ ရှင်စောပုဆုတောင်းပြည့်ဘုရားဂူ အနောက်ဖက်အမြင့်ပိုင်း တွင်ရှိသည်။ စေတီကြီး (၉)ဆူမှာ ခေါင်းလောင်းပုံအထက်နားတွင် ယက္ခပုံများ ပြုလုပ် ထားသည်။ စေတီများကြားတွင် ပုတီးစိပ်၊ မိဋ္ဌာန်လာရောက်ပြုလုပ်နေကြပါသည်။ ထိုစေ တီများမှာ တစ်ခုထူးခြားသည်က စေတီတစ်ဆူအနားတွင် တရားထိုင်ရန် ဂူလေးတစ်ခု ရှိသည်။ ထိုဂူလေးမှာ ဗားမဲ့ဆရာတော် တရားထိုင်သောဂူဖြစ်သည်ဟုဆိုပါသည်။ ထိုဂူ လေးမှာ တစ်ယောက်ထိုင်သာရုံရှိသည်ဖြစ်ပြီး လူများလာရောက်တရားထိုင်နေကြသည်။ ထိုရှင်စောပုစေတီများရှိရာကို အမျိုးသမီးများ မတက်ရပါ။

## 'ပလ-လဲ ဆင်မင်း'

ပလ-လဲဆင်မင်းရုပ်မှာ ရာဟုထောင့် အင်္ဂါသမာဓိတန်ဆောင်းထဲမှာရှိသည်။ ပလ-လဲဆင်မင်းမှာ ဘုရားရှင်ဆင်မင်းရှိရာ တောအုပ်ထဲတွင်ဝါဆိုစဉ်က ဆင်မင်းဖြစ်သည်။ ရေပူရေချမ်းအမြဲတန်းကပ်လှူသော ဆင်မင်းဖြစ်သည်။ ပလ-လဲဆင်မင်းမှာ နောင်ပွင့်တော်မူမည့် ဘုရားရှင်များစာရင်းမှာပါသည်ဟု ပိဋကတ်စာပေမှာ ဆိုထားသည်။



ဂေါတမမြတ်စွာဘုရားမှ တဖုဿနှင့်ဘလ္လိကာ ကုန်သည်နှစ်ဦးအား ဆံတော်(၈)ဆူ ချီးမြှင့်တော်မူပုံ



ဆောက်ကြံ့ဆောင်မှ ဆံတော်အာ



ဓနုလဘုရားတန်းမှ ဝင်း(၅)မျိုးဘုရား



အရှေ့ဒွါရက်တော်ရှိ ခံတန်ဆောင်းတွင်းမှ ကကုသန်ဘုရား
လက်ဖက်လက်မို



ဇနိဒေဝါဒ် တောရိုးသာရကာနံ့တောင်းတာတွင်းရှိ မိတုန်းမိတ္တိုင်းတော်ဘုရား



ရှေးအခါက ဘုရားဂေါပကအဖွဲ့



ဆောင်တော်ဝင်တော်ကြီးဘုန်း သာသနာတော်ထမ်း ပုဗ္ဗာရုံအတွင်းမှ
ကျွန်းသလွန်ပြင်တော်မူဘုရား



ဒေါ်ကြာညွန့်ဆောင်ဦးအတွင်းရှိ
ရွှေဆင်းတုတော်များ

## 'ချမ်းသာကြီးဘုရား'

ချမ်းသာကြီးဘုရားမှာ အောင်မြေအနီးမှာရှိသည်။ ချမ်းသာကြီးဘုရားတန်ဆောင်းသည် ရွှေတိဂုံစေတီတော်မှာ အလှူအတမ်းအခမ်းအနားများပြုလုပ်ရာ တန်ဆောင်းဖြစ်သည်။ ချမ်းသာကြီးဘုရားမှာ ရွှေတိဂုံစေတီတော် ကုန်းတော်တဝိုက်တွင်ရှိသော ထိုင်တော်မူ ဘုရားများတွင် ဉာဏ်တော်အကြီးဆုံး၊ လုံးပတ်တော်လည်း အကြီးဆုံးဖြစ်ပြီး ဉာဏ်တော်အမြင့် (၃၀) တောင်ရှိသည်ဟု ဆိုပါသည်။ ချမ်းသာကြီးဘုရားမှာ ရွှေတိဂုံအောင် မြေနှင့်နီးပြီး လူသွားလမ်းဘေးမှာရှိနေ၍ ဘုရားဖူးသူများသည်။

## 'အောင်မင်းအောင်စေတီ'

အောင်မင်းအောင်နှင့် အောင်မင်းခေါင်ကို လူများအမှတ်မှားနေကြသည်။ အောင်မင်းအောင် ယခုအခါ ရွှေတိဂုံကုန်းတော်မှာ နေထိုင်သွားကြောင်း ရွှေတိဂုံဘုရားမှ ဝန်ထမ်းဟောင်းများ သိရှိကြပါသည်။ အောင်မင်းအောင်မှာ ရွှေတိဂုံစေတီ အနောက်ဖက်မုခ် ကုန်းစောင်းမှာနေထိုင်၍ ဖိုထိုးသည်။ ထို့နောက် အလယ်ပစ္စယံ ကုန်းစောင်းမှာ စေတီတစ်ဆူတည်ထားရာ ထိုစေတီမှာ (၁၉၇၅)ခုနှစ် ကုန်းတော်ပေါ်မှာ လျှောင် လှုပ်၍ အောင်မင်းအောင်စေတီမှာ အလယ်ပစ္စယံမှ အောက်ပစ္စယံကို ပုံမပျက် လိမ့်ဆင်းလာပြီး မြေမှာစောင်း၍ ရှိနေရာ ဂေါပကအဖွဲ့မှ ပြန်တည့်ထားသော စေတီဖြစ်သည်။

## 'သဲဘုရား'

သဲဘုရားမှာ အိန္ဒိယနိုင်ငံအစိုးရအဖွဲ့မှ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ကို ပေးပို့လှူဒါန်းသောဘုရားဖြစ်သည်။ သဲဘုရားမှာ ရွှေတိဂုံစေတီတော်အနောက်ဖက် အောက်ပစ္စယံ အောင်မင်းအောင် ဘုရားနားတွင်ရှိသည်။

## 'ရွှေတိဂုံစေတီတော်ထီးတော်ကြီး'

ရွှေတိဂုံစေတီထီးတော်ကြီးမှာ မင်းအဆက်ဆက်လှူဒါန်းခဲ့ကြသော ထီးတော်များဖြစ်သည်။ ပထမဦးဆုံးထီးတော်မှာ ဥက္ကလာပမင်းကြီးနှင့် ကုန်သည်ညီနောင် တဖုဿ-ဘလ္လိကနှင့် ပြည်သူပြည်သားများဖြစ်သည်။ ဒုတိယအကြိမ် ဟံသာဝတီပြည့်ရှင် ဘုရင်မကြီးရှင်စောပု။ တတိယအကြိမ် ကုန်းဘောင်မင်း၊ ဆင်ဖြူရှင်။ စတုတ္ထအကြိမ်၊ မင်းတုန်းမင်းကြီးနှင့် ပြည်သူပြည်သားများတင်လှူခဲ့ပြီး ယခုနောက်ဆုံးဖူးမြင်ကျရသော ထီးတော်ကို ပြည်သူပြည်သားများနှင့် နဝတအစိုးရတို့က (၁၉၉၅) ခုနှစ်မှာ တင်လှူခဲ့သည်။

ထီးတော်ကြီးမှာ ချိတ်ဆွဲထားသော ခေါင်းလောင်းများနှင့် ဆွဲလည်းများမှာ ရွှေဆွဲလည်း၊ ငွေဆွဲလည်း၊ ကြေးဆွဲလည်း၊ ရွှေပေါ်မှာ ရတနာစီခြယ်ထားသော ဆွဲလည်းများ၊ ငွေပေါ်မှာ ပတ္တမြားစီချယ်ထားသောဆွဲလည်းမျိုးစုံ အကြီး၊ အလတ်၊ အငယ်များကို စေတနာအလျှောက် လှူဒါန်းထားကြပြီး ဆွဲလည်းကမ္ပည်းစာများမှာ မင်း၊ မင်းညီမင်းသားများ၊ မင်းသမီးများ၊ ဆရာတော်ကြီးများ၊ ရဟန်းများ၊ သီလရှင်များ၊ ရသေ့များ၊ သူတော်ကောင်းများ၊ သူဌေးများ၊ ကုန်သည်များ၊ လူတန်းစားမျိုးစုံလှူဒါန်းထားကြပါသည်။

ထီးတော်ကြီးမှာချိတ်ဆွဲထားသော ဆွဲလည်းများနှင့် ခေါင်းလောင်းများတည်းတွင် ထူးထူးခြားခြား သံသေခေါင်းလောင်း (၅)လုံးကို ကျွန်တော်လေ့လာမှတ်သားခဲ့ပါသည်။ ပထမသံသေ ခေါင်းလောင်းမှာ

၁။ ဘိုးဘိုးအောင်၊ သံသေခေါင်းလောင်းထိပ်ဝ (၆)လက်မခန့်ရှိသည်။ ထီးတော်ကြီး ဒုတိယဆွဲလည်းတန်းမှာရှိသည်။ ခေါင်းလောင်းကို ရွှေကွပ်ထားပြီး ရုပ်ကြွယ်သီးတစ်ကုံး၊ ရွှေဘီးတစ်ချောင်းလှူထားသည်။ သံသေခေါင်းလောင်း ရေတိုက်သော ခေါင်းလောင်းဖြစ်သည်။

မင်းတုန်းမင်းကြီး သံသေခေါင်းလောင်း (၃)လုံး၊ ဆွဲလည်းများ ထီးတော် အလယ်မှာရှိသည်။

ဘိုးမင်းခေါင်ခေါင်းလောင်း၊ တောင်ဘက်မုခ်ဦးထီးတော်ကြီး အပြင်မှာ ဆွဲထားသည်။ သံသေခေါင်းလောင်းများမှာ ထိပ်ဝ (၆)လက်မ ခန့်ရှိသည်။ ဘိုးမင်းခေါင် ခေါင်းလောင်းမှာ ဆင်ခလောက်ပုံဖြစ်သည်။

ထိုသံသေခေါင်းလောင်းများအပြင် ဒေါက်တာညို(ဦးညို) မှလည်း ရွှေခေါင်း လောင်းကြီး (၄)လုံးကိုလည်း ထီးတော်ကြီးအလယ်မှာ လှူဒါန်းထားသည်။ ဒေါက်တာ ညိုမှာ အရှေ့ဘက်မုခ်ဦးထိပ်မှာလည်း ရွှေခေါင်းလောင်းကြီးတန်ဆောင်းတစ်ခု လှူထား သည်။

## 'ငှက်မြတ်နားတော်'

ရွှေတိဂုံစေတီတော်၏ ငှက်မြတ်နားတော်မှာ ထီးတော်အထက်မှာရှိသည်။ ငှက်မြတ်နားတော်၏ အတိုင်းအတာမှာ အရှည် (၄)ပေ (၂)လက်မ ဖြက်အကျယ် (၂)ပေ ၅.၅လက်မ ရှိ၍ ပန်းလည်တိုင်ကို စွပ်၍ ဆုံလည်ဘောများတတ်ဆင်ထားသည်။ ငှက်မြတ်နားမှာ ရွှေပြားကြီးပေါ်မှာ ရွှေပန်းခက်၊ ကျောက်ပန်းခက်၊ စိန်ဒေါင်းရုပ်နှင့် ကျောက်စီဗုဒ္ဓရုပ်ပွားတော်များ ပတ္တမြားလုံး၊ နီလာလုံး၊ မြ၊ ကျောက်လုံးကြီးများကို မြှုပ်ထားသည်။

ငှက်မြတ်နားတော်မှာ စိန်လုံးရေ (၁၀၉၈)လုံး ရတီ (၄၀)ကျောက်၊ အခြား ကျောက် (၁၃၃၈)လုံး လှူထားပြီး (၁၂၈၂)ခုနှစ်ကလှူထားသော ငှက်မြတ်နား ဖြစ်သည်ဟု မှတ်သားရပါသည်။

## 'စေတီတော်ကြီး၏ စိန်ဖူးတော်'

စိန်ဖူးတော်မှာ ငှက်မြတ်နားတော်အထက် စေတီတော်မြတ်ကြီး၏ ထိပ်ဆုံး အပိုင်းမှာရှိသည်။ စိန်ဖူးတော်မှာ ဘုရားရှင်အား ရည်စူး၍ ကြာဖူးသဏ္ဌာန်ပြုလုပ်၍ ပူဇော်ထားသည်ဟု မှတ်သားဖူးပါသည်။

စိန်ဖူးတော်ထိပ်ဆုံးမှာ (၇၆) ကာရက် (၀၃ ရတီ- ၁၂ ဘီဇ္ဇာရှိ စိန်ကြီး တစ်လုံးကို မြှုပ်နှံ၍ ဖိခနောက်ဆိုင် စိန်တန်း (၃)တန်း သွယ်တန်းထားသည်။ စိန်ရတီ (၂၀၀၀)ကျော်နှင့် တခြားကျောက်မြတ် (၉၃)လုံးပါရှိသည့် စိန်ဖူးတော်ကြီးကို စေတီပုံ၊ ပန်းပွင့်ပုံ၊ သရဖူပုံ စသည်တို့ဖြင့် နေရာလပ်မရှိအောင် တပ်ဆင်ပူဇော်ထားပြီး ဗုဒ္ဓ ရုပ်ပွားတော်ကို လည်းပူဇော်ထားပါသည်။

စိန်ဖူးတော်ကို

ဆန်းကြယ်တင့်ထူး - ထွဋ်စိန်ဖူးနှင့် တိမ်ဦးပျံလွှား ငှက်မြတ်နားတို့ အများ ကာသိုလ် မိုးလုံးပြိုးမျှ စိမ်းညိုနီမြန်း လျှပ်စီးပန်းသို့ ဟူ၍ စိန်ဖူးတော်နှင့် ငှက်မြတ်နား တော်ကဗျာကို မှတ်သားဖူးပါသည်။

## 'ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်မှ ခေါင်းလောင်းကြီး (၂)လုံး'

ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်တစ်လျှောက်မှာ ခေါင်းလောင်းအကြီး၊ အသေး (၃၀) ကျော်ရှိပြီးသော်လည်း ခေါင်းလောင်းကြီး (၂)လုံးအကြောင်းကိုသာ တင်ပြပါမည်။ ခေါင်းလောင်းကြီး (၂)လုံးမှာ ကုန်းဘောင်မင်းဘက်မှ သာယာဝတီမင်းနှင့်သားတော် စဉ့်ကူးမင်းတို့လှူဒါန်းထားကြသော ခေါင်းလောင်း(၂)လုံးအနက် သာယာဝတီမင်းလှူဒါန်း ထားသော ခေါင်းလောင်းကြီးမှာ ရွှေတိဂုံစေတီတော် တနင်္ဂနွေထောင့်ရင်ပြင်အနီးမှာ ရှိသည်။

ခေါင်းလောင်းကြီး၏ အလေးချိန်မှာ ကြေးပိဿချိန် (၂၅၉၄၉) ကျပ်သားရှိ သည်။ ခေါင်းလောင်းအရပ် သုံးထောင်တစ်မိုက်၊ အနားလုံးပတ်သုံးထောင်တစ်မိုက်၊

ခါးစည်းလုံးပတ် တစ်ဆယ့်သုံးထောင် လက်လေးသစ်ရှိသည်။ ခေါင်းလောင်းကြီးကို (မဟာတိသဒ္ဒ-ဃဏ္ဍာရာဇာ) အမည်ပေးထားသည်။ ခေါင်းလောင်းသွန်းလုပ်ရာမှာ (၃) နှစ်ကြာသည် ကုန်းတော်ပေါ်မှရှိသော ခေါင်းလောင်းများထဲတွင် အလှဆုံးခေါင်းလောင်း ဖြစ်သည်။

ဒုတိယခေါင်းလောင်းမှာ စဥ့်ကူးမင်းခေါင်းလောင်းဖြစ်သည်။ ကြေးပိဿာချိန် (၁၅၅၅) ရှိသည်။ ခေါင်းလောင်းအတိုင်းအတာမှာ အချင်းငါးတောင်၊ အရပ် ခုနစ်တောင် နှစ်မိုက်၊ ခေါင်းလောင်းဘွဲ့တော်မှာ မဟာဃဏ္ဍာဖြစ်သည်။ ခေါင်းလောင်းကြီးမှာ အလွန် အသံသာသည်။

စဥ့်ကူးမင်းခေါင်းလောင်းမှာ စိတ်ဝင်စားစရာကောင်းသည်မှာ အင်္ဂလိပ်များ အုပ်ချုပ်နေချိန်က ခေါင်းလောင်းကြီးကို ဖြုတ်ယူ၍ သင်္ဘောနှင့်တင်သွားရာ လှိုင်မြစ်ထဲ ကျသွားသည်ကို အင်္ဂလိပ်များ ပြန်မဆယ်နိုင်၍ မြန်မာလူမျိုးများက မြစ်ထဲမှ ပြန်ဆယ် ပြီး ယခုရင်ပြင်တော်ရာဟုထောင့်မှာ ပြန်လည်ချိတ်ဆွဲထားကြသည်။

**'ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်မှ အောင်မြေ (၃)နေရာ အကျဉ်း'**

ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်မှာ အောင်မြေ (၃)နေရာရှိသည်။

ပထမ အောင်မြေနေရာမှာ အင်္ဂါထောင့် ယခုတံခွန်တိုင်ရှေ့မှာရှိသည်။ မင်းများ၊ မင်းညီမင်းသားများ စစ်ထွက်ရာမှာ ထိုနေရာမှာ အောင်မြေနင်းကြသည်။ လူများလည်း နင်းကြသည်။

ဒုတိယအောင်မြေမှာ တနင်္ဂနွေထောင့် တံခွန်တိုင်ရှေ့မှာဖြစ်သည်။ ယခုထီးတော် ပုံ စေတီများရှိသည်။ ထိုအောင်မြေကိုလည်း လူများနင်းကြသည်။

တတိယအောင်မြေမှာ ယခုလူအများတရားထိုင်၊ ပုတီးစိပ်နေကြသော ရာဟု ထောင့်မှ အောင်မြေဖြစ်သည်။ ယခင်က ထိုအနားမှာ မောင်ကံကျောက်ရုပ်ရှိသည်။

## "ပထမအောင်မြေနေရာ"

ထိုနေရာသည် တနင်္ဂနွေထောင့်ယခုထီးတော်ပုံစေတီ သုံးဆူရှိသည့်အနက် ဘိုးဘိုးအောင်ဂူဘုရားရှေ့ရှိထီးတော်ပုံစေတီနေရာသည် ယခင်က အောင်မြေနေရာဖြစ်သည်။

တံခွန်တိုင်ကြီးတစ်တိုင်လည်းရှိသည်။ ထိုအောင်မြေနေရာသည် တပင်ရွှေထီးမင်း သတ်မှတ်ခဲ့သည်ဟု ဆိုပါသည်။ ထီးတော်ပုံစေတီများမှာ မင်းတုန်းမင်းကြီး ရွှေတိဂုံစေတီတော်ကို ထီးတော်တင်စဉ်က ချထားသော ထီးတော်ပုံစေတီဖြစ်ပါသည်။ သက္ကရာဇ် (၁၂၃၃) ခုနှစ်ဟု ကမ္ပည်းထိုးထားပါသည်။

ယခု မင်းတုန်းမင်းကြီး တင်လှူသော ထီးတော်ကိုလည်း နိုင်ငံတော် ဘက်စုံ ပြုပြင်ရေးအဖွဲ့မှ ထီးတော်ကြီးကို ငုံ၍ စေတီတည်ပေးထားပါသည်။

ထိုနေရာတစ်ဝိုက်မှာ ထီးတော်ပုံစေတီ သုံးဆူတစ်တန်းတည်းရှိရာ အစွန်ဆုံးမှ ထီးတော်ပုံစေတီမှာ ဆင်ဖြူရှင်မင်း၏ ထီးတော်ပုံစေတီဖြစ်ပါသည်။ အောင်မြေနေရာ ယောင်း၏ အနောက်ဘက်မှာ ဘိုးဘိုးအောင် ဂူဘုရားနှင့် ကျောချင်းကပ် အနောက်ဘက်မှာ ကျားရုပ်နှင့် ခြင်္သေ့ရုပ်ရှေ့မှာ ခံထားသော ကျားခြင်္သေ့စေတီရှိသည်။ ထိုစေတီနှင့် တတန်းတည်းတွင် ဓမ္မစေတီမင်းလှူခဲ့သော ဓမ္မစေတီဘုရားရှိပါသည်။ ဓမ္မစေတီ ရုပ်ပွားတော်မှာ ဆုတောင်းပြည့်သည်ဟုဆိုပြီး နေ့နေ့ညည အချိန်တိုင်းလိုလို ဘုရားဖူးများ ပုတီးစိပ် အဓိဋ္ဌာန်ဝင်နေကြပါသည်။

ရင်ပြင်တော်ကို မျက်နှာပြုထားသော ဘိုးဘိုးအောင်ဘုရားမှာလည်း ပုတီးစိပ်သူများ များပြားလှပါသည်။

ရွှေတိဂုံစေတီ ရင်ပြင်တော်နှင့် ကပ်လျက် သာသနဓမ္မရက္ခိတ တန်ဆောင်း လိုဏ်ဂူတွင်းမှာရှိပြီး အံ့ဖွယ်ကိုးဆူအနက် အမှတ်စဉ် (၅) မှာ ပါဝင်သော ရုပ်ပွားတော် ဖြစ်ပါသည်။

## "ဗုဒ္ဓဂယာအောင်မြေနေရာ"

ထိုနေရာသည် အင်္ဂါထောင့်ရှိ တံခွန်တိုင် မြင့်မြင့်ကြီးရှိသော နေရာတစ်ဝိုက်မှာ ဖြစ်ပါသည်။ တံခွန်တိုင်အနီးတွင် စတုသစ္စာပါရမီအသင်း တန်ဆောင်းရှိပါသည်။ တန်ဆောင်းရှေ့မှ နေရာသည် အောင်မြေနေရာ ဖြစ်သည်။ စတုသစ္စာပါရမီအသင်း တန်ဆောင်းသည် မြင့်မြင့်တည်ဆောက်ထား၍ တန်ဆောင်းပေါ်မှနေ၍ စေတီတော်ကြီးကို ဖူးမြင်ရသည်မှာ အလွန်နီးလွန်း၍ ကြည်ညိုဖွယ်ကောင်းလှပါသည်။

တန်ဆောင်းအတွင်းမှာလည်း ရုပ်ပွားတော်ကြီးငါးဆူရှိရာ အလယ်မှ ရုပ်ပွားတော်ကြီးမှာ "အင်းပန်းပေါင်း"ဘုရားဖြစ်ပြီး ရှေးထွက်ရုပ်ပေါက် ဆရာကြီးများတည်ခဲ့သည် ဟုဆိုပါသည်။ သေသေချာချာ ဖူးကြည့်ပါ။ ဆုတောင်းပြည့်သည်ဟု ဆိုပါသည်။ ထိုရုပ်ပွားတော်ကြီး၏ မျက်နှာတော်မှာ ကုန်းတော်ပေါ်တွင်ရှိသော ရုပ်ပွားတော်များနှင့်မတူ၊ တစ်မူ ထူးခြားနေပါသည်။ အင်္ဂါထောင့် အောင်မြေတံခွန်တိုင်မှာလည်း သေသေချာချာ ကြည့်ပါက တံခွန်တိုင်လိုဏ်ခေါင်းအတွင်းမှာ မတ်ရပ်ရုပ်ပွားတော်သုံးဆူ ပူဇော်ထားရှိရာ အလယ်မှ ရုပ်ပွားတော်မှာ ပြည်တော်ပြန်ဘုရားရုပ်ပွားတော်ဖြစ်ပါသည်။ အလွန်အချိုးအစားပြေပြစ်၍ ကြေးဖြင့်သွန်းလောင်းထားပါသည်။

ဤအောင်မြေနေရာကို လွန်ခဲ့သည့် (၁၅) နှစ်လောက်အထိ ဘုရားဖူးများ လာရောက်ပုတီးစိပ်ပြီး အောင်မြေနင်းခြင်းများ ပြုလုပ်ကြပါသေးသည်။

ထိုအောင်မြေနေရာကို စစ်ထွက်သူများ နင်းသော အောင်မြေဟု သိရပါသည်။ ဤအောင်မြေကို တချို့က ဘိုးတော်အောင်မြေ တချို့က မင်းတုန်းမင်းကြီး အောင်မြေ ဟုဆိုကြပါသည်။

## "တတိယအောင်မြေနေရာ"

ထိုနေရာမှာ ယခု ဘုရားဖူးများ လာရောက်ပုတီးစိပ် အဓိဋ္ဌာန်ဝင်နေကြသော ရာပဟုထောင့် အောင်မြေနေရာဖြစ်ပါသည်။ ရွှေတိဂုံစေတီတော်မှာ လူသိများသော နေရာဖြစ်ပါသည်။ အချိန်တိုင်းလိုလို ပုတီးစိပ် အဓိဋ္ဌာန်ဝင်သူများပြည့်နေသောနေရာဖြစ်ပါသည်။ ယခု အောင်မြေနေရာမှာ အထူးပြုလုပ်ပေးထားသော နေရာဖြစ်၍ ကျယ်ပြန့်သည်။ အောင်မြေမျက်နှာမူရာ အရပ်ကလည်း စေတီတော်ကြီးကို ရှင်းရှင်းကြီး ဖူးမြင်ရသောနေရာဖြစ်၍ စေတီတော်ကြီးနှင့် အလွန်လိုက်ဖက်သောနေရာဖြစ်ပါသည်။

ဤအောင်မြေနေရာသည် ကျွန်တော်ကျောင်းသားဘဝက အဂ္ဂဥဒ္ဒေက ရေလှူသော အသင်း၏ နေရာဖြစ်ပါသည်။ ယခုအောင်မြေအနီးမှာရှိသော ချမ်းသာကြီးဘုရား ရုပ်ပွားတော်ကြီးမှာလည်း အမိုးမရှိသေးပါ။ ယခင်ကအောင်မြေနေရာနားမှာ ကျိုက်ထီး ရိုးဘုရားပုံစေတီ ရှိသည်ကိုလည်း မှတ်မိနေပါသေးသည်။

ယခုအောင်မြေအကြောင်းကိုသိလို၍ ကျွန်တော်မေးကြည့်ရာ မည်သူမျှ တိတိ ကျကျ မပြောနိုင်ကြပါ။ ယခင်က ရွှေတိဂုံဘုရားသမိုင်းတွင် ပါဝင်သော မောင်ကံ၏ ဆရာရသေ့နေသော နေရာဟုသာ သိရပါသည်။

မောင်ကံနှင့်ပတ်သက်ပြီး ရွှေတိဂုံဘုရားမှာ မောင်ကံရုပ်ထုမရှိပါ။ တချို့က အရင် ဘယ်နားမှာရှိသည်ဟု ပြောဆိုနေကြပါသည်။ အမှန်ရှိသည်ကား ရွှေတိဂုံဘုရား နှင့်မနီးမဝေးမှာရှိသော ကမ္ဘာအေးဘုရားမှာသာ မောင်ကံရုပ်တုရှိပါသည်။ မောင်ကံနှင့်

ပတ်သက်၍ မှတ်တမ်းတိတိကျကျမရှိပါ။ မောင်ကံမြေမျိုသည့်နေရာကိုပင် အမျိုးမျိုး ပြောနေကြပါသည်။ ရွှေတိဂုံအောင်မြေများအပြင် အာဇာနည်ကုန်း (ယခု သူရဲကောင်း ဗိမာန်)နားမှာလည်း အောင်မြေတစ်ခုရှိခဲ့ဖူးပါသည်။ ထိုအောင်မြေနေရာသည် အာဇာနည် ကုန်းနှင့်ဘုရား ငါးဆူကြားရှိ အလယ်ကုန်းကျောပေါ်တွင် သွပ်မိုးရုံကလေးနှင့် ပြုလုပ် ထားပါသည်။ ကျောက်စာတိုင် တစ်တိုင်လည်း စိုက်ထူထားပါသည်။ ထိုနေရာကို ကျွန်တော်တို့ငယ်စဉ်က ဖြတ်သွားဖြတ်လာပြုရင်း မြင်ရပါသည်။ ထို့နောက် မနီးမဝေး မှာ ဘာသာခြားများ နေထိုင်ပြီး နွားများမွေး၍ ထိုကျောက်စာတိုင် ပျက်စီးသွားပါသည်။

ယခင်က အာဇာနည်ကုန်းနှင့် မျက်နှာချင်းဆိုင်နေရာမှာ ညောင်ပင်ကြီးများရှိ ပြီး ဘာသာခြား ဘုရားကျောင်း ရှိပါသည်။ ယခုအခါ ထိုနေရာတစ်ဝိုက်မှာ သူရဲကောင်း ဗိမာန်ကြီးဖြစ်ပြီး သွေးဆေးကန်ကြီးလည်း ဖြစ်လာပါသည်။ သူရဲကောင်းဗိမာန်အဝင် သွေးဆေးကန်ဘေးနားမှ ပန်းခြံကြီးမှာ ယခုအခါ အလွန့်အလွန် သာယာလာ၍ အပန်းဖြေ သူများနှင့် စည်ကားနေပါသည်။

## 'နောင်တော်ကြီးစေတီ'

နောင်တော်ကြီးစေတီမှာ ရွှေတိဂုံစေတီတော်ကြီးနှင့် သမိုင်းဆက်စပ်နေသည်။ ဉာဏ်တော်အမြင့်ပေ (၁၅၀)ရှိပြီး ဖိနပ်တော်ပေါ်မှာ အရံစေတီ (၂၄) ဆူရှိသည်။ စေတီတော်ထောင့်(၄)ထောင့်တွင် ခြင်္သေ့ရုပ်တစ်ရုပ်စီမံထားသည်။

နောင်တော်ကြီးစေတီကို ကုန်သည်ညီနောင်ပင့်ဆောင်လာသော ဆံတော် (၈)ဆူကို လူအများပူဇော်ကြရန် ဤနောင်တော်ကြီးစေတီနေရာမှာ အပူဇော်ခံထားပြီး ထိုနေရာကို ကုန်သည်ညီနောင် အစ်ကိုဖြစ်သော တဖုဿ က စေတီတည်ထား၍ နောင်တော်ကြီးစေတီအမည်တွင်သည်။

နှစ်များကြာ၍ စေတီတော်ပြိုသွားရာ မွန်သူဌေးကြီး ဦးမွန်တော်က ပြန်တည် သည်။ နောက်တဖန်ပြိုပြန်၍ ဦးမွန်တော်သားသမီးများက ပြန်လည်ပြုပြင်ကြောင်း (၁၁-၅-၃၃) နေ့ထုတ်သူရိယသတင်းစာမှာ ဖော်ပြထားသည်။ (၁၉၇၇) ခုနှစ်တွင် ဂေါပက အဖွဲ့မှ မြန်မာ့ဆိပ်ကမ်းအဖွဲ့နှင့် ပြုပြင်ထားရာ ယခုဖူးမြင်နေကြရသော စေတီတော်ကြီး ဖြစ်သည်။

## 'ထီးတော်ရုံတန်ဆောင်း'

ထီးတော်ရုံတန်ဆောင်းမှာ ရွှေတိဂုံစေတီတော်မြောက်ဖက်မုခ် ခြေတော်ရာ တန်ဆောင်းနားမှာရှိသည်။ တန်ဆောင်းအလှူရှင်အမည်ကို အစွဲပြု၍ ဒေါ်ဖွားတန်ဆောင်း ဟုခေါ်သည်။ ထီးတော်ရုံတန်ဆောင်းမှာ ယခင်အခါက ရွှေတိဂုံစေတီ ထီးတော်ကြီးကို ထားသောတန်ဆောင်းဖြစ်သည်။ ယခုအခါ ရွှေတိဂုံစေတီပွဲတော်ကျင်းပရာမှာ သံဃာ တော်များကို ဆွမ်းကျွေးပြီး လူပရိသတ်များကို ညှော်ခံကျွေးမွေးရာ နေရာဖြစ်သည်။



ရွှေတိဂုံစေတီတော်အောင်မြေရှိ ပိတောက်ပိုင်းဘုရားများ



အနောက်ဘက်စောင်းတန်းမုခ်ဦး



ဘိုးဘိုးအောင် ဆုတောင်းပြည့်ဘုရား


ဆုတောင်းပြည့်ဘုရား


ရှင်တော်မူ ဆုတောင်းပြည့်ဘုရား

## 'ခြေတော်ရာတန်ဆောင်း'

ခြေတော်ရာတန်ဆောင်းမှာ ထီးတော်ရုံတန်ဆောင်းနှင့် ကပ်လျက် သောကြာထောင့်မှာရှိသည်။ ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်မှာ ဗုဒ္ဓခြေတော်ရာရှိသော တန်ဆောင်းဖြစ်သည်။ အခြား ဗုဒ္ဓရုပ်ပွားတော်များလည်း တန်ဆောင်းတစ်ခုလုံး အပြည့်ပူဇော်ထားသည်။

## 'ဝေနေယျသုခ ရေချမ်းစင်အသင်း'

ဝေနေယျသုခရေချမ်းစင်အသင်းမှာ ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ မြောက်ဖက်စောင်းတန်းဘေးနားမှာ အသင်းမှုံးရုံရှိသည်။ ရေလှူသောအသင်းများထဲတွင် ယခင်အခါကပင်ရှိသော အသင်းဖြစ်သည်။ ရင်ပြင်တော်ပေါ်မှာလည်း ရေသန့်လှူသော အသင်းသုံးလေးသင်းရှိသည်။ ရေအေး-ရေနွေးများကို ရေသန့်စက်များနှင့် နေ့စဉ်လှူနေကြပါသည်။ ဝေနေယျသုခရေချမ်းစင်အသင်းမှာ နယ်မှာရှိသော ဘုန်းတော်ကြီးကျောင်းများနှင့် အသင်းအဖွဲ့များကို သွားရောက်လှူနေကြပါသည်။

## 'ဗုဒ္ဓဂါယာပုံတူ-- ဒဂုံခင်ခင်လေးတန်ဆောင်း'

ဒဂုံခင်ခင်လေးတန်ဆောင်းမှာ သောကြာထောင့်ရင်ပြင်တော်ပေါ်မှာရှိသည်။ တန်ဆောင်းအပေါ်ပိုင်းကို ဗုဒ္ဓဂါယာပုံအတိုင်း ပြုလုပ်ထားပြီး တန်ဆောင်းအတွင်းမှာ ဘုရားရုပ်ပွားတော်များရှိသည်။ တန်ဆောင်းမျက်နှာစာတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးကို အနီးကပ်ဖူးမြော်နိုင်၍ လူအများလာရောက်၍ ပုတီးစိပ်၊ ဘုရားရှိခိုး၊ တရားများထိုင်နေကြသည်။ ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်တွင် ဗုဒ္ဓဂယာပုံတန်ဆောင်း တစ်ခုသာရှိပါသည်။

## '၈.၈.၆.၀ စေတီနှင့် လိုဏ်ဂူ (၅)လုံး'

လိုဏ်ဂူ (၅)လုံးသမိုင်းမှာ (၁၉၁၈) ခုနှစ်တွင် နန်းတက်သော စစ်ကိုင်းမင်း (ဘကြီးတော်မင်း) လက်ထက်မှာ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ဖြစ်ချိန်မှာ အင်္ဂလိပ်တပ်များက ရွှေတိဂုံစေတီကုန်တော်ပေါ်မှာ တပ်စွဲထားပြီး စေတီတော်ကြီးအောက်ပစ္စယာပတ်လည်မှာ တူးထားခဲ့သော လိုဏ်ဂူများဖြစ်သည်။ ထိုလိုဏ်ဂူထွက်ပေါက်၊ ဝင်ပေါက်များကို တောင်ဘက်မုခ်၊ အရှေ့ဖက်မုခ်၊ အနောက်ဖက်မုခ်တွေမှာ လိုဏ်ဂူတွေဖောက်ထားသည်။

လိုဏ်ပေါက်များကို စာရေးသူငယ်စဉ်က လိုဏ်ခေါင်းထဲဆင်းဖူးသည်။ လိုဏ်ဂူများမှာ နှစ်တွေကြာ၍ ပိတ်သွားသည်။ ကျန်သောလိုဏ်ဂူပေါက်များကိုလည်း နောက်ပိုင်းမှာ ပိတ်လိုက်သည်။

၈·၈·၆·၀ စေတီမှာ အနောက်ဖက်မုခ် လိုဏ်ဂူအနားမှာ နောက်ပိုင်းမှ တည်ထားသော စေတီဖြစ်သည်။ တောင်ဘက်မုခ်လိုဏ်ဂူအံပေါက်မှာ ယခုရန်ကုန်ဘိုးဘိုးကြီးနတ်ကွန်းရှေ့မှာရှိသည်။ ကြည့်လျှင်မြင်နိုင်ပါသည်။

## 'ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်'

ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်မှာ ရွှေတိဂုံစေတီ ရာဟုထောင့် အနောက်ဖက်မှာရှိသည်။ ပြတိုက်တစ်ခုတည်းတွင် အပေါ်ထပ်မှာ ပိဋကတ်စာပေများ စုဆောင်းပြသထားပြီး မြေညီထပ်မှာ ပြတိုက်ဖွင့်ထားသည်။ ပြတိုက်မှယခင်စုဆောင်းထားသော ရှေးဟောင်းလှူသုံးပစ္စည်းများ၊ ဗုဒ္ဓရုပ်ပွားတော်ပုံအမျိုးမျိုး၊ ဆင်စွယ်ဘုရားများ၊ ငွေစေတီများ၊ ကြေးပစ္စည်းများ၊ ဖန်ထည်ပစ္စည်းများ မျိုးစုံ၊ ပစ္စည်းအမျိုးပေါင်း (၂၀၀) ကျော်ကို မှန်ခန်းများဖြင့် ပြသထားသည်။

အပေါ်ထပ် ပိဋကပ်တိုက်တွင် စာအုပ်စာတမ်းများ၊ ပေထုပ်များ၊ နိုင်ငံပေါင်းစုံမှ စာပေစာအုပ်မှတ်တမ်းများ၊ စာကြည့်ခန်းများပြုလုပ်ထားသည်။ စာပေ၊ စာအုပ်များကို စာအုပ်စင်ပေါင်း (၄၀)ခန့် သီးခြားပြသထားသည့် ရှားပါးစာပေ စာအုပ်များကိုလည်း စုဆောင်းထားသည်။

အောက်ဆုံးထပ်တွင် မော်ကွန်းတိုက်ဖြစ်သည်။ မော်ကွန်းတိုက်မှာ ရွှေတိဂုံစေတီတော်ကြီး၏ မှတ်တမ်းမှတ်ရာများ၊ တိတ်ခွေများ၊ ဓါတ်ပုံမှတ်တမ်းများကို မိုက်ကရိုဖလင်များနှင့် မှတ်တမ်းတင်ရိုက်ကူး၍ စုဆောင်းထားသည်။

## 'မဟာဗုဒ္ဓဝင်ပြခန်းကြီး'

ဗုဒ္ဓဝင်ပြခန်းကြီးမှ ရွှေတိဂုံစေတီတော်အနောက်ဖက်မုခ် အောက်ပစ္စယာမှာရှိသည်။ ဗုဒ္ဓဝင်ပြခန်းကြီးကို ရွှေတိဂုံစေတီရင်ပြင်တော် ရာဟုထောင့်မှ ဆင်းရန် လူသွားလမ်းဖောက်ပေးထားသည်။ ပြခန်းကြီးမှာ ကျယ်ပြန့်ပြီးအပေါ်ထပ်လည်းရှိသည်။ ပြခန်းကြီးမှာ ဗုဒ္ဓသာသနာတော်အတွက် တမူထူးခြားသော သမိုင်းမှတ်တိုင်ကြီးတစ်ခုဖြစ်သည်။

ရုပ်လုံးရုပ်ကြွများကို မီးရောင်စုံနှင့် ပြသထားပြီး ဘုရားလောင်းဖွားတော်မူခန်းမှ စ၍ ပရိနိဗ္ဗာန်စံတော်မူခန်းအထိ အခန်းပေါင်း (၂၈)ခန်းကို ရုပ်ကြွများဖြင့် သရုပ်ဖော်ထားသည်။

ထို့ပြင် သံယာ့ရတနာတင်ပွဲများကိုလည်း ပန်းချီကားကြီးများဖြင့် ရေးဆွဲပြသထားသည်။ ဗုဒ္ဓဝင်ပြခန်းကြီးကို မီးရောင်စုံများ၊ သမိုင်းနောက်ခံတေးများဖြင့် ပြသထား၍ လူတိုင်းစိတ်ဝင်စားကြပါသည်။

## 'ထီးတော်ပုံ စေတီများ'

ထီးတော်ပုံစေတီများမှာ ရွှေတိဂုံစေတီတော် တနင်္ဂနွေထောင့် ရင်ပြင်တော်ဘေးမှာရှိသည်။ ထီးတော်ပုံစေတီဟူသည်မှာ ရွှေတိဂုံစေတီတော်ကြီး၏ ထီးတော်အဟောင်းများကို ဌာပနာ၍ စေတီတည်ထားခြင်းဖြစ်ပါသည်။

ထီးတော်ပုံစေတီ (၂)ဆူရှိသည်။ ပထမထီးတော်ပုံစေတီမှာ ဆင်ဖြူရှင်မင်းလှူဒါန်းသော ထီးတော်ပုံစေတီနှင့် နောင်တော်ကြီးမင်းလှူသော ထီးတော်ပုံစေတီများဖြစ်ပါသည်။ မင်းတုန်းမင်းကြီး ထီးတော်ပုံစေတီမှာ အနောက်နားမှာရှိသည်။

## 'ဗောဓိညောင်ပင်များ'

ဗောဓိညောင်ပင်မှာ ဗုဒ္ဓမြတ်စွာဘုရားပွင့်တော်မူရာ ဗောဓိပင်ကြီးမှ မျိုးပွားလာပြီး ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်မှာ စိုက်ပျိုးထားခြင်းဖြစ်ပါသည်။ ရွှေတိဂုံစေတီရင်ပြင်ပေါ်တွင် ဗောဓိညောင်ပင် (၅)ပင်ရှိသည်။ ပထမဗောဓိပင်မှာ အင်္ဂါထောင့် ဓာတ်လှေခါးထိပ်မှ ဗောဓိပင်ဖြစ်သည်။ ထိုဗောဓိပင်မှာ ကဆုန်လ၊ ညောင်ရေသွန်းပွဲပြုလုပ်ရာ ဗောဓိပင်ဖြစ်သည်။ ဒုတိယဗောဓိပင်မှာ စနေထောင့် အနောက်ဖက်မှ ဗောဓိပင်ကြီးနှင့် တဖုဿ-ဘလ္လိက ညီနောင်ရုပ်ထုရှိသော ဗောဓိပင်ဖြစ်သည်။ တတိယဗောဓိပင်မှာ ရာဟုထောင့်အနောက်ဖက်မှ ဗောဓိပင်ဖြစ်၍ စနေထောင့်ဗောဓိပင်အစွန်မှာ ဗောဓိပင်တစ်ပင်ရှိသည်။ နောက် အမှတ် (၅) ဗောဓိပင်မှာ တနင်္ဂနွေထောင့် နောင်တော်ကြီးစေတီနားမှ ဗောဓိပင်ဖြစ်သည်။

ညောင်ရေသွန်းပွဲကျင်းပချိန်တွင် ဗောဓိပင်များမှာ လူတွေတိုးမပေါက်အောင် စည်ကားလှစွာ ညောင်ရေသွန်းနေကြသည်။


မြဒါးရှင် ဆုတောင်းပြည့်ဘုရား


မူလ မွေဓေဝိဘုရား


ဇမ္ဗူပတိ ဘုရား


ရင်ပြင်တော်ပေါ်ရှိ ဂူတော်ဘုရား

## 'တံခွန်တိုင်များ'

ရွှေတိဂုံစေတီတော်ကြီးမှာ အင်္ဂါထောင့်တွင်တံခွန်တိုင်တစ်တိုင်၊ တနင်္ဂနွေ ထောင့်တွင် တံခွန်တိုင်တစ်တိုင်ရှိသည်။ အင်္ဂါထောင့်တံခွန်တိုင်ထဲတွင် ဘိလပ်မြေ ဘုရားရုပ်ပွားတော်ရှိပြီး တနင်္ဂနွေတံခွန်တိုင်ပတ်လည်တွင်လည်း ဘုရားရုပ်ပွားတော်များ ရှိသည်။

## 'သားဆုပန်ဗြဟ္မာရုပ်တု'

သားဆုပန် ဗြဟ္မာရုပ်မှာ ရွှေတိဂုံစေတီ အင်္ဂါထောင့်တွင်ရှိသည်။ ရင်ပြင်တော် ဘေးမှာရှိသော တိုက်စေတီရှေ့တွင် ဗြဟ္မာရုပ်ထု တစ်ဖက်တစ်ရုပ်စီရှိရာတွင် ဘယ်ဖက် ကဗြဟ္မာရုပ်တုမှာ ကလေးငယ်လေးတစ်ယောက်ကို ချီထားသည်။ ယာဘက်ဗြဟ္မာ ရုပ်ထုမှာ ဘာမှမရှိပါ။ ထိုကလေးငယ်ချီထားသော ဗြဟ္မာရုပ်တုရှေ့တွင် အမျိုးသမီး များသားဆုလာပန်နေကြသည်။ ဆုတောင်းပြည့်သည်ဟု ဆိုပါသည်။

## 'ဘိုးဘိုးကြီးနှင့် ဘိုးတော်သိကြားမင်း'

ရွှေတိဂုံဘိုးဘိုးကြီးနှင့် ဘိုးတော်သိကြားမင်းရုပ်တုမှာ ရွှေတိဂုံစေတီရင်ပြင်တော် စနေထောင့်တွင် ရှိသည်။ ရုပ်တု (၂)ခုကို မှန်လုံခန်းမှာထားသည်။ ယုံကြည်သူများက ပုဆိုးများ၊ ပဝါများ ဆက်သကြသည်။ ရွှေတိဂုံဘိုးဘိုးကြီးမှာ ဆုတောင်းပြည့်သည်ဟု လူများက ကန်တော့ပွဲများ အမွှေးတိုင်၊ ဖယောင်းတိုင်များနှင့် ပူဇော်နေကြသည်။ ရွှေတိဂုံဘိုးဘိုးကြီးမှာ ရှင်လောင်းလှည့်လာကြသူများကလည်း ပွဲတင်၍ ရှင်လောင်း ပြကြသည်။ ပွင့်လင်းရာသီတွေတွင် ရှင်ပြုသူများ တစ်ဖွဲ့ပြီးတစ်ဖွဲ့လာရောက်ကြသည်။ ဘိုးဘိုးကြီးနေရာတစ်ဝိုက်တွင် လူတွေများ၍ ဘုရားရဲ(၂)ဦးမှ နေ့စဉ်စောင့်ရှောက်ကြရ သည်။ ဘုရားဖူးလာသူများက ဆုတောင်းပြည့်သည်ဟု ဆိုပါသည်။

## 'ရန်ကုန်ဘိုးဘိုးကြီး'

ရန်ကုန်ဘိုးဘိုးကြီးမှာ ရွှေတိဂုံစေတီတော်အောက်ပစ္စယာ စနေထောင့် ညောင်ကြပ်ပင်ကြီးအောက်တွင်ရှိသည်။ ထိုနေရာမှာ ယခင်ကချောင်ကျ၍ လူများ မသွားမလာကြပါ။ နတ်ရုပ်ညောင်ကြပ်ပင်အောက်ကို ရောက်လာမှ လူတွေက ဆုတောင်းပြည့်သည်ဆိုပြီး နတ်ကွန်းများလှူကြသည်။ စစ်ဖက်မှအရာရှိကြီးများက လမ်း မရှိသော နေရာကိုလာ၍ လမ်းဖောက်ကာ နတ်ရုပ်များကို ရွှေချပေးပြီး ကန်တော့ပွဲ ပွဲကြီးများလှူကြသည်။ သဘော်သားများနှင့် ဗေဒင်ဆရာများယုံကြည်၍အပေါင်းအသင်း များကို ခေါ်လာရာမှ ရန်ကုန်ဘိုးဘိုးကြီးမှာ ဆုတောင်းပြည့်သည်ဆိုပြီး စည်ကားလာ သည်။ ထိုနတ်ရုပ် ညောင်ပင်အောက်ကိုရောက်လာသည်မှာ (၁၉၇၅)ခုနှစ်နောက်ပိုင်း မှ ရောက်လာခြင်းဖြစ်သည်။ နတ်ကွန်းကို ထိန်းသိမ်းနေသူမှာ မင်းကွန်းကျောင်းမှ ပုဂ္ဂိုလ်ဖြစ်သည်။

## 'ဘိုးမင်းခေါင်ရုပ်ထု'

ဘိုးမင်းခေါင်ရုပ်တုမှာ ရွှေတိဂုံစေတီ၊ တနင်္ဂနွေထောင့် အနောက်ဖက်၊ နောင်တော်ကြီးစေတီအောက်နားတွင်ရှိသည်။ ရုပ်တုကို ရွှေချထားပြီး ကန်တော့ပွဲများ တင်၍ ဆုတောင်းနေကြသည်။ ဘိုးမင်းခေါင်ရုပ်တု မြို့နယ်များမှ ယုံကြည်ကိုးကွယ် သူများမှ ဘိုးမင်းခေါင်ရုပ်တုအသစ်များယူလာ၍ ဘိုးမင်းခေါင် ရုပ်တုမှာ လိပ်ပြာလာ သိပ်ပြီးမှ ကိုးကွယ်ကြသည်။ ရွှေတိဂုံစေတီရင်ပြင်ပေါ်တွင် ဘိုးမင်းခေါင်ရုပ်တု တစ်ခုသာရှိသည်။

## 'ဓမ္မစေတီမင်းကျောက်စာ'

ရွှေတိဂုံစေတီမှာ ကျောက်စာအမျိုးမျိုးရှိသည့်အနက် ဓမ္မစေတီမင်းကျောက်စာမှာ အကြီးဆုံးနှင့် သမိုင်းဝင်ကျောက်စာတစ်ခုဖြစ်သည်။ ဓမ္မစေတီကျောက်စာမှာ ယခင်က ရွှေတိဂုံစေတီအရှေ့ဘက်မုခ် ဆိုင်များ၏အနောက်မှာရှိပြီး ယခုတနင်္ဂနွေထောင့်ရင်ပြင်တော်အနောက်ဖက်သို့ ရွှေ့ထားသည်။ ကျောက်စာချပ်ကြီး (၃)ပြား (၃)ချပ်ဖြစ်သည်။ ထိုကျောက်စာမှာ ရွှေတိဂုံစေတီသမိုင်းကြောင်းနှင့် ဓမ္မစေတီမင်းလှူဒါန်းသော ခေါင်းလောင်းကြီးအကြောင်းမှတ်တမ်းတင်ထားသည်။ ဓမ္မစေတီခေါင်းလောင်းကြီးမှာ ယခုမရှိပါ။ ပုဇွန်တောင်ချောင်းထဲ ကျသွားသည်ဟု သိရပါသည်။

## 'လောကပါလမယ်တော်ကြီး'

ရွှေတိဂုံစေတီမှာ ယခု(ဘီလူးရုပ်တု) များရှိသည့်အနက် လောကပါလမယ်တော်ကြီးရုပ်တုမှာ ဆုတောင်းပြည့်သည်ဟူ၍ လူအများက ကန်တော့ပွဲများတင်၊ ဒံပေါက်ထုပ်များနှင့် အမွှေးတိုင်၊ ဖယောင်းတိုင်များလှူဒါန်းပြီး ဆုလာတောင်းနေကြသည်။ ဆုတောင်းလည်း ပြည့်သည်ဟု ဆိုကြသည်။

လောကပါလမယ်တော်ကြီးရုပ်တုမှာ ရွှေတိဂုံစေတီမြောက်ဖက်မုခ်ဦးထိပ်မှာ ရှိသည်။ ထိုလောကပါလမယ်တော်ကြီးရုပ်တုကို ဘုရင်မကြီးရှင်စောပုက ဘုရားအား စောင့်ရှောက်ရန် လှူဒါန်းခဲ့သည်ဟုဆိုပါသည်။ ဘုရင်မကြီးရှင်စောပုလှူစဉ်က ယက္ခရုပ်(၂)ရုပ် ဘယ်/ညာ တစ်ရုပ်စီလှူခဲ့သော်လည်း ညာဘက်မှ ရုပ်တုမှာပြိုသွား၍ ရုပ်ထုနေရာသာကျန်ခဲ့သည်။ ယခုရှိနေသော လောကပါလမယ်တော်ကြီးရုပ်တုမှာ ဂေါပကအဖွဲ့မှ ပြုပြင်ထားသော ရုပ်တုဖြစ်သည်။

## 'ယက္ခညီနောင် (တောင်ဘက်မုခ်)'

သာယာဝတီမင်းရန်ကုန်ကို ဆင်းလာပြီး မြန်မာသက္ကရာဇ် (၁၂၀၃)ခု အေဒီ (၁၈၄၁) ခုနှစ်တွင် ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်ဦးကြီးကို ပြုပြင်လှူဒါန်းသည်။ မုခ်ဦးကြီးကို လှူဒါန်းခဲ့ရာတွင် မုခ်ဦးအထက်ပိုင်းမှာ နဂါး-ဂဠုန်-ကုမ္ဘဏ်ရုပ်များ၊ နတ်ရုပ်များပြုလုပ်လှူတမ်းခဲ့ပြီး ယခင်မုခ်ဦးထိပ်မှာ ဆုတောင်းပြည့် မတ်ရုပ်တော်(၂)ဆူ မျက်နှာချင်းဆိုင်လှူခဲ့ပြီး ရုပ်ပွားတော်တစ်ဆူစီ၏ အောက်နားတွင် ယက္ခရုပ်တစ်ဖက် တစ်ရုပ်စီ လှူဒါန်းခဲ့ပါသည်။ တဖန်ဘုရား (၂)ဆူအနောက်ဖက်နားမှာ တောပုံတောင်ပုံ ပြုလုပ်ထားပြီး ဇော်ဂျီက သူယောင်မယ်နှင့်တွဲကနေပုံပြုလုပ်ထားသည်ကို ဘုရားဖူး လာသူများ သဘောကျ၍ စုပြုံပြီးကြည့်နေကြသည်။ ထိုရုပ်တုကို န·ဝ·တ ဗိုလ်ချုပ် က ဖျက်လိုက်ပါသည်။ သာယာဝတီမင်းလှူခဲ့သော ယက္ခညီနောင်ရုပ်တုမှာ မုခ်ဦးထိုင် ထိုင်နေပြီး ယက္ခညီတော်ရုပ်တုမှာ သံလျက်ကိုင်ထားသည်။ ယခင်အခါက မုခ်ဦးမှာ တံခါးမရှိ၍ ညအချိန်တွင် လူတွေလာပြီး အမဲသား အစိမ်းများလာတင်ကြသည်။ ယက္ခ ညီနောင်ကိုလည်း ကြမ်းသည်ဟု ဆိုကြသည်။

ယခုနောက်ပိုင်းတွင် ကန်တော့ပွဲများ သစ်သီးများလာတင်၍ ဆုများတောင်းနေ ကြသည်ကို မြင်ရပါသည်။ ယက္ခညီနောင်မှာ သုံးလုံးဂဏန်းလောင်းကစားသူများနှင့် တက္ကစီဆွဲသော ကားသမားများယုံကြည်ကြပြီး ဆုလာတောင်းနေကြသည်ကို မြင်ရသည်။

## 'ယက္ခညီနောင် (နောင်တော်ကြီးစေတီ)'

နောင်တော်ကြီးစေတီအနီး ခရေပင်အောက်နားမှာရှိသော ယက္ခညီနောင်မှာ လူသွားလမ်းဘေးနားတွင်ရှိနေပြီး အမြဲတမ်းကန်တော့ပွဲတစ်ပွဲစီလာလှူထားသည်ကို မြင်ရသော်လည်း အလှူရှင်အမည် မသိရပါ။ နောက်မှ လှူထားသော ယက္ခညီနောင်

ရုပ်တုဖြစ်သည်။ ကုန်းတော်ပေါ်တွင် ရှိနေသူများက ထိုယက္ခညီနောင်မှာ ကြမ်းသည်။ လူကြီးတစ်ယောက်က အနားမှာရှိသော ခရေပင်ကိုခုတ်ခိုင်းရာ ထိုလူကြီးချက်ချင်း လေဖြတ်သွားသည်ဟု ဆိုပါသည်။

## 'ဝသုန်ဒြေရုပ်တုနှင့် ဘိုးတော်ဖြူ'

ဝသုန်ဒြေရုပ်တုနှင့်ဘိုးတော်ဖြူရုပ်တုမှာ ရွှေတိဂုံစေတီ တောင်ဘက်ခါတ်လှေကားအတက် ဗောဓိညောင်ကြီးအောက်နားမှာရှိသည်။ ညောင်ပင်ကြီးမှာ အရိပ်ကောင်း၍ ဘုရားဖူးလာသူများ အပန်းဖြေရင်း ညောင်ပင်ကြီးအောက်မှာ ထိုင်နားကြပြီး ဘိုးတော်ဖြူလေးရှေ့မှာ ဆုတောင်းနေကြသည်။ ဝသုန်ဒြေရုပ်တုမှာ လူသိများသော်လည်း ဘိုတော်ဖြူလေးကို မသိကြပါ။ ဘိုးတော်ဖြူမှာ အရပ် (၂)ပေခန့်ရှိသော ရုပ်တုလေးဖြစ်ပြီး အဖြူရောင်ဝတ်ရုံဝတ်ထားသည်။ ထိုရုပ်တုကလေးမှာ ယခင်က မဟာရံတံတိုင်းပေးမှာတင်ထားသည်ကို မြင်ဖူးသည်။

## 'သိကြားမင်း၊ ဥက္ကာလာပမင်းနှင့် မယ်လမုရုပ်တု'

ရွှေတိဂုံစေတီတော် အထက်ပစ္စယာ၊ စနေထောင့်စိန်တောင်ပေါ်တွင် သိကြားမင်းနှင့် မယ်လမုပုံ တုလုပ်ထားသည်ကို ရင်ပြင်တော်ပေါ်မှ ကြည့်လျှင် မြင်နိုင်ပါသည်။ ကြာသပတေးထောင့် အထက်ပစ္စယာ စိန်တောင်ပေါ်မှာလည်း ဘုရားဒါယကာ ဥက္ကလာပမင်းကြီးပုံရှိသည်။ တောက်တဲ့ရုပ်မှာ မထင်ရှားပါ။

## 'သွေးဆေးကန်'

သွေးဆေးကန်မှာ စေတီတော်တည်စဉ်က ထိခိုက်၍ သွေးများထွက်လျှင် ထိုသွေးကို ဆေးရန် ရေကန်ပြုလုပ်ထားသည်ဟု ဆိုပါသည်။ ထိုသွေးဆေးကန်တွင် ရွှေတိဂုံစေတီမြောက်ဘက်မုခ် ယခုဈေးဆိုင်များကြားတွင် ရှိသည်။ ယခုနောက်ပြုလုပ်ထားသော သွေးဆေးကန်မှာ မြောက်ဖက်မုခ်ရှေ့မှ ရေကန်ကြီးဖြစ်သည်။

## 'ရွှေတိဂုံပုံတူစေတီ'

ရွှေတိဂုံပုံတူစေတီမှာ ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်မှ အလယ်ပစ္စယာကို ဆင်းသော ရာဟုထောင့်မှာရှိသည်။ စေတီတော်လုံးပတ်မှာ နောင်တော်ကြီးစေတီလောက်ရှိသည်။ စေတီအဝင်းအဝိုင်းမှာ ကျယ်၍ ဘုရားဖူးလာသူများ အပန်းဖြေနေကြသည်။ ထိုရွှေတိဂုံပုံတူစေတီ၏ အလှူဒါကာမှာ ဦးနေဝင်းဖြစ်သည်ဟု ဆိုပါသည်။

နောက်ရွှေတိဂုံပုံတူစေတီတစ်ဆူမှာ ဒေါ်မြကောင်းမှုဖြစ်ပြီး ပြတိုက်ထဲတွင် ဒေါ်မြခါတ်ပုံကြီးနှင့်အတူ ပြထားသည်။ ဒေါ်မြမှာ နိုင်ငံခြားသားအတွင်းဝန်နှင့် လက်ထပ်ပြီး ရွှေတိဂုံရင်ပြင်တော်ပေါ်မှာ တန်းဆောင်းတစ်ခုလှူဒါန်းထားသည်။ ဒေါ်မြယောက်ျားမှာလည်း ဗုဒ္ဓဘာသာအဖြစ်ခံယူလိုက်သည်။ ရွှေတိဂုံပုံတူရွှေစေတီမှာ ဒေါ်မြကွယ်လွန်ပြီးနောက်မှ ဒေါ်မြယောက်ျားမှ ဇနီးအတွက် လှူဒါန်းပေးခြင်းဖြစ်သည်။

## 'ဆံတော်တွင်းတန်ဆောင်း'

ဆံတော်တွင်းတန်ဆောင်းမှာ ယခင်အခါက ရွှေတိဂုံစေတီတော်ကြီးအောက်မှာ ဌာပနာထားသော ဆံတော်-တောင်ဝေးတော်-ရေစစ်တော်-ရေသနုပ်တော်များနှင့် အဖိုးတန် စိန်၊ ရွှေ၊ ငွေ ရတနာမျိုးစုံရှိရာနေရာကို ဆင်းရန်အပေါက်ကို ပိတ်လိုက်ပြီး ဘုရားနှင့်တန်ဆောင်းဆောက်ထားသည့်နေရာကို ဆံတော်တွင်း တန်ဆောင်းဟုခေါ်သည်။

ဂျွန်တော်ငယ်စဉ်က ဂေါပကအဖွဲ့မှ ဝန်ထမ်းများဆံတော်တွင်းထဲ ဆင်း၍ ပိုက်ဆံအကြွေစေ့များ၊ ဆံစုများ၊ လက်စွပ်၊ လက်ကောက်များ ဆံတော်တွင်းထဲ ဆင်းဆယ်နေကြသည်ကို မြင်ဖူးပါသည်။ ထိုပစ္စည်းများမှာ ဘုရားဖူးလာသူများ သဒ္ဒါပေါက်၍ တွင်းထဲပစ်ထည့်၍ လှူဒါန်းသွားကြသော ပစ္စည်းများဖြစ်သည်။ နောင်မှသာ တွင်းပေါက်ကိုပိတ်လိုက်ခြင်းဖြစ်သည်။ စေတီတော်ကြီးအောက်ခြေမှာ ဌာပနာထားသော ရတနာများရှိရာသို့ ဘိုးဘိုးအောင် ဂူဘုရားအပေါက်မှ ဆင်းလျှင်လည်း ရသည်ဟုဆိုပါသည်။



ဓိဋ္ဌာတာခံဆောင်းအတွင်းရှိ ရုပ်ပွားတော်များ



တန်ဆောင်းဆောင်၌ ရုပ်ပွားတော်တစ်ဆူ



မဟာဗောဓိ၊ ဓမ္မစင်ခင်ဝေဗု ရုပ်ပွားဆင်းတုတော်များ



ဓဘာင်မင်းဓဘာဌ်(ဓဓဓ်) ဘာခတ္တက်ဌ္ဓဗြာဘ်ဗုဌ္ဓဝ်ဓခ်ုးမဘာဓိုး



ဗျူဓဓါဘုရားတန်းမှ ကျောက်ခြဓ်ဘုရား



မူဓတာင်ဓဓဘာင် ဓဓဓ် ဓကြာည်ဓဓဘာတ္တမ်ုဓဓဘာင်း



ဆောင်းတောင်းတော်နိုး ဗွာဂုံဘာသိန်ဘာဂျပွဲ



ပန်းစေတီများတည်ဆောက်ပုံ



ဗုဒ္ဓဂယာဒေသမှ ဗောဓိညောင်ပင်



ဆိုးပေါက်ဆင် ရုပ်ထု



## 'အိန္ဒာဒေဝ (နတ်ပျော်ရုပ်)'

နတ်ပျော်ရုပ်မှာ ဘုရားစေတီအတော်များများတွင် နတ်ပျော်ရုပ်များရှိသည်။ ရွှေတိဂုံစေတီတော်တွင်လည်း အနောက်ဖက်မုခ် ရင်ပြင်တော်ထိပ်မှာ နတ်ပျော်ရုပ်ရှိသည် နတ်ပျော်ရုပ်မှာ ဗိုက်ပူပူ၊ နူတ်ခမ်းမွေးကားကားကြီးနှင့် ကနေသော နတ်ရုပ်ဖြစ်သည်။ နတ်ပျော်ရုပ်ကို နိုင်ငံခြားသားများက သဘောကျ၍ ဓါတ်ပုံများရိုက်ကြပြီး ကလေးများကလည်း သဘောကျကြသည်။

ထိုနတ်ပျော်ရုပ်မှာ အိန္ဒာဒေဝနတ်သားပုံဖြစ်သည်။ ရှေးအခါက မြတ်စွာဘုရားရှင် နတ်ပြည်မှ သင်္ကာသနဂိုပြည်ကို ဝါကျွတ်ချိန်၌ကြွလာစဉ်မှာ ဘုရားရှင်နောက်မှ တူရိယာအမျိုးမျိုး၊ အကမျိုးစုံနှင့် ကလာသောနတ်သားကြီးမှာ အိန္ဒာဒေဝနတ်သားဖြစ်သည်။ ထိုအိန္ဒာဒေဝနတ်သားကြီးပုံကို ရွှေတိဂုံစေတီမှာ ဘုရားပွဲတော်ပြုလုပ်တိုင်း နတ်သားရုပ်ပုံကြီးကို ပွဲပေး၍ တောင်ဘက်စောင်းတန်းမုခ်ဦးထိပ်တွင် ကပ်ထားသည်မှာ ရွှေတိဂုံစေတီတော်၏ ပြုလုပ်နေကြသော အစီအစဉ်တစ်ခုဖြစ်သည်။

## 'ဆေးပေးခန်း'

ရွှေတိဂုံစေတီတော်မှာ ဘုရားဖူးလာသူများနှင့် ကျန်းမာရေးချို့တဲ့သူများအတွက် နေ့စဉ်အခမဲ့ ကုသိုလ်ဖြစ်၊ ဆေးပေးခန်းဖွင့်ပေးထားပါသည်။ ဆေးပေးခန်းဖွင့်ထားသော နေရာမှာ အနောက်ဖက်မုခ်ရင်ပြင်တော်ပေါ်မှာ ဖွင့်ထားသည်။ ဆေးပေးခန်းမှာ စေတနာ့ ဝန်ထမ်းဒေါက်တာတစ်ဦးအမြဲထိုင်၍ သူနာပြုဆရာမလည်းရှိပါသည်။ ထို့ပြင် မြန်မာ ဆေးဆရာတစ်ဦးနှင့် မြန်မာဆေးများကိုလည်း အခမဲ့ ကုသပေးနေပါသည်။

## 'မိကျောင်း (၂)ကောင်နှင့် ယက္ခညီနောင်'

မိကျောင်းနှစ်ကောင်နှင့် ယက္ခညီနောင်ရုပ်တုမှာ တောင်ဘက်စောင်းတန်းရင်ပြင်တော်နားမှာရှိသည်။ မိကျောင်းကြီးနှစ်ကောင်မှာ စောင်းတန်းအောက်ဖက်ကို ဦးခေါင်းလှည့်ထားပြီး မိကျောင်းတစ်ကောင်စီ၏ ထိပ်တွင် ယက္ခတစ်ရုပ်စီရှိသည်။ ထိုယက္ခညီနောင်ကိုလည်း ကန်တော့ပွဲ၊ ဆီမီးအမွှေးတိုင်များ လှူဒါန်းထားကြသည်။ ရွှေတိဂုံစေတီမှာ ထိုယက္ခညီနောင်အပါအဝင် ယက္ခညီနောင် (၃)စုံရှိသည်။ မိချောင်းရုပ်ကြီးများမှာ ရေရှိရာကို ဦးခေါင်းပြုနေ၍ ဈေးသည်များနှင့် ဘုရားဖူးလာသူများ ငွေပေါသည့်နိမိတ်ဟု ယူဆကြသည်။

## 'ရွှေတိဂုံစေတီမှာ ကျင်းပသောပွဲတော်များ'

## ဆီမီးပူဇော်ပွဲ

ဆီမီးပူဇော်ပွဲကို သီတင်းကျွတ်လပြည့်ညတွင် ပြုလုပ်သည်။ ဆီမီးပူဇော်ပွဲကို ရင်ပြင်တော်ပေါ်မှာရှိသော အသင်းသူ၊ အသင်းသားများက စုပေါင်း၍ မီးပုံးကလေးများကိုင်ဆောင်၍ စေတီတော်ကြီး ရင်ပြင်တော်ပေါ်တွင် လှည့်လည်၍ မီးပူဇော်ကြပြီး မိမိတို့ တန်ဆောင်းကိုလည်း မီးများနှင့် ပူဇော်ကြသည်။ ဘုရားရှိခိုး၍ ဝတ်ရွတ်ကြသည်။ စေတီတော်ကြီးကိုလည်း ပန်း၊ ဆီမီးများကပ်လှူကြသည်။ အဖိတ်နေ့၊ လပြည့်နေ့၊ လပြည့်ကျော်တစ်ရက်၊ သုံးရက်ထိ ပူဇော်ကြသည့်အပြင် ဘုရားဖူးလာသူ များကလည်း ရင်ပြင်တော်ပေါ်တွင်သာမက၊ စေတီတော်ကြီးပတ်ပတ်လည် ရှိဆီမီးခုံပေါ်တွင်လည်း ဆီမီးများ ပူဇော်ကြသည်။ ထိုပြင် တခြားအဖွဲ့အစည်းများဖြစ်သော ကျောင်းသူ/ကျောင်းသားအဖွဲ့များနှင့် ကုမ္ပဏီအဖွဲ့များကလည်း ဆီမီး (၅၀၀)၊ ဆီမီး (၁၀၀၀) စသည်ဖြင့် ပူဇော်ကြသည်။









ဆွမ်းတော်ကြီးကပ်ပွဲ







ရွှေတိဂုံ စေတီတော်ကြီးမှ သပိတ်တော်များ



မူဘုရားဆောင်၌ သံဃာရှင်များ ပဋ္ဌာန်းပူဇော်ပွဲ



မိုးစေတော် ဆောင်ပြုရုပ်ခနော့



ဆောင်ခံပြုရ ပဋ္ဌာန်းပူဇော်ပွဲကျင်းပစဉ်



တန်ဆောင်းမုန်းလ မသိုးသင်္ကန်း ယက္ကန်းပြိုင်ပွဲ



ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ ကျင်းပနေစဉ်



အသင်းတသင်းမှ ထမနဲ ပြိုင်ပွဲဝင်နေစဉ်



အသင်းသားများ ကဆုန်ညောင်ရေသွန်းပွဲ လှည့်လည်စဉ်

## တန်ဆောင်တိုင်ပွဲ

တန်ဆောင်တိုင်ပွဲမှာ မသိုးသင်္ကန်းယက်သော ယက္ကန်းပြိုင်ပွဲပြုလုပ်သည်။ ယက္ကန်းပြိုင်ပွဲကို ဂေါပကအဖွဲ့မှ ဦးစီး၍ကျင်းပသည်။ ယက္ကန်းပြိုင်ပွဲမှာ စင် (၉) စင် ကျင်းပ၍ပြိုင်ပွဲဝင်စေသည်။ ယက္ကန်းပစ္စည်းများကို ဂေါပကအဖွဲ့မှ ထုတ်ပေးပြီး စင်အလိုက် ထောက်ပံ့ကြေးပေးသည်။ ပထမဆု (၃၀၀၀၀၀) နှင့် ရွှေဖလား၊ ဒုတိယဆု (၂၀၀၀၀၀)နှင့် ငွေဖလား၊ တတိယ၊ စတုတ္ထ၊ ပဉ္စမဆုများကို တစ်သိန်းစီပေးသည်။ ယက္ကန်းသမအဖွဲ့ ကို အသင်းမှ တာဝန်ယူကျွေးမွေးသည်။ ယက္ကန်းရက်၍ရသော သင်္ကန်း (၉)ထည်ကို ပထမ ပတ္တမြားမျက်ရှင်၊ ဒုတိယ ကကုသန်၊ တတိယ ဂေါဏဂုံ၊ စတ္တုထ ကဿဖ၊ ပဉ္စမ ဂေါတမဘုရားရှင်များကို ကပ်လှူသည်။ ကျန်သင်္ကန်း (၄)ထည်ကို ကုန်းတော်ပေါ် မှ ဘုရားများကို ကပ်လှူသည်။

## စေတီယင်္ဂဏ စာလျှောက်မေးပွဲ

စာပြန်ပွဲမှာ စေတီယင်္ဂဏ စာလျှောက်မေးပွဲဖြစ်သည်။ ယခင်က စေတီယင်္ဂဏ အသင်းမှ စတင်ပြုလုပ်သော်လည်း ယခုအခါ ဂေါပကအဖွဲ့က ပြုလုပ်သည်။ ထိုပွဲတော် နှင့် ယက္ကန်းပြိုင်ပွဲ၊ တပေါင်းပွဲတော် စသည်တို့ကို ဂေါပကအဖွဲ့မှ အလှူခံ၍ ပြုလုပ်သည် အလှူရှင်များလည်း ရှိသည်။ စေတီယင်္ဂဏ စာလျှောက်မေးပွဲကို မြန်မာတပြည်လုံးရှိ စာသင်တိုက်များမှ သံဃာတော်များလာဖြေဆိုကြသည်။ လမ်းစရိတ်ကို ဂေါပကအဖွဲ့မှ ထောက်ပံ့သည်။ ဆွမ်းကပ်သည်။ ဖြေဆိုရာမှာ စာသင်တန်းနှင့် စာချတန်းခွဲ၍ ဖြေဆို ရသည်။ ကမ္ဘာအေးသံဃာ့နာယကအဖွဲ့မှ တာဝန်ယူစစ်ဆေးပေးရသည်။

ပထမနေ့အာဂုံပြန်ပြီး တစ်ရက်နားသည် အာဂုံပြန်အောင်လျှင် (၃)ရက် ရေး ဖြေရသည်။ စာချတန်းဖြေသူမှာ အာဂုံမပြန်ရပါ။ စာမေးပွဲဖြေဆိုပြီး၍ အောင်မြင်သော သံဃာများကို ပူဇော်ပွဲကျင်းပပြီး အောင်လက်မှတ်ဆက်ကပ်သည်။ အသုံးအဆောင်ပစ္စည်း နှင့် ဆုငွေများလှူသည်။

## မဟာပဌာန်းပူဇော်ပွဲ

မဟာပဌာန်းပူဇော်ပွဲကို ရွှေတိဂုံဘုရားပွဲအစားထိုး ကျင်းပခြင်းဖြစ်သည်။ ပဌာန်းပူဇော်ပွဲကို (၁၀) ရက်တိုင်တိုင်ကျင်းပသည်။ ကုန်းတော်ပေါ်တွင် ပဌာန်းရေအိုးများကို ရေဖြည့်ပေးရပြီး အလှူခံဌာနဖွင့်သည် နေ့ ည အသံမစဲ ရွတ်ဖတ်သော သံဃာတော်များကို ဆွမ်းကပ်သည်။ ဘုရားဖူးလာသူများနှင့် ပဌာန်းတရားနာသူများက ပဌာန်းရေသောက်ကြ လှူကြသည်။ ဂေါပကအဖွဲ့မှလည်း ပဌာန်းကြိုးများကို ကြိုတင်ပြုလုပ်ထားပြီး ပဌာန်းပွဲသိမ်းသောနေ့တွင် ဘုရားဖူးများကို ပဌာန်းကြိုးဝေပေးသည်။ ဘုရားဖူးများကလည်း ပဌာန်းရေကိုသောက်ကြသည့်အပြင် ရေဗူးများနှင့်လည်းယူကြသည်။

ပဌာန်းပူဇော်ပွဲနှင့်အတူ သံဃာတော် (၁၀၈)ပါးနှင့်သီလရှင်များကို ဆွမ်းဆန်များနှင့်အတူ လှူဖွယ်ဝတ္ထုများကို လောင်းလှူကြသည်။ ဆွမ်းကြီးလောင်းပွဲမှာ အသင်းအဖွဲ့များအပြင် အပြင်မှ လူများလည်းလာရောက်လောင်းလှူကြသည်။

## ပန်းပေါင်း (၅၀၀၀) ပူဇော်ပွဲ

ပန်းပေါင်း (၅၀၀၀) ပူဇော်ပွဲကို ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့မှာ ကျင်းပသည်။ ပန်းပေါင်း (၅၀၀၀) ပူဇော်ပွဲမှာ ဂေါပကအဖွဲ့မှ ပန်းစေတီများပြုလုပ်ပူဇော်ပါသည်။ အသင်းအဖွဲ့များကလည်း မိမိတို့ တန်ဆောင်းအတွင်း သစ်သီးဆွမ်းများကပ်လှူ၍ တန်ဆောင်းကိုလည်း ပန်းများနှင့် အလှဆင်ထားကြပါသည်။

မေတ္တာအခါတော်နေ့မှာ ပန်းပေါင်း (၅၀၀၀) ပူဇော်ပွဲကျင်းပသောနေ့ဖြစ်၍ ကုန်းတော်တစ်ခုလုံး ပန်းများနှင့် လှနေပါသည်။ ထိုအချိန်တွင် ဘုရားဖူးလာသော အမျိုးသမီးလေးများမှ လက်ကိုင်ဖုန်းများနှင့် ဓါတ်ပုံရိုက်နေကြသည်။ ရင်ပြင်တော်တစ်ခုလုံး ပန်းစေတီများ ပန်းများဖြင့် ပြည့်နေလျက်ရှိပါသည်။

## 'သိင်္ဂုတ္တရ ဥယျာဉ်'

ရွှေတိဂုံစေတီတော်အနောက်ဖက်မုခ်အရှေ့တွင်ရှိသော ကွင်းကြီးကို သိင်္ဂုတ္တရ ဥယျာဉ်ပြုလုပ်ထားခြင်းဖြစ်သည်။ ထိုကွင်းကြီးမှာ ယခင်အခါက ဘုရားကြီးပွဲတော်ကျင်းပရာ ကွင်းကြီးဖြစ်သည်။ ယခု သိင်္ဂုတ္တရဥယျာဉ်ပြုလုပ်ထားရာမှာ လူများဝင်မကြည့်ကြဘဲ လမ်းတစ်ဖက်မှရှိသော ပြည်သူ့ဥယျာဉ်ကိုသာ သွားကြသည်။ ထိုဥယျာဉ်မှာ နှစ်အတော်ကြာကြာပြုပြင်စိုက်ပျိုးသော်လည်း မအောင်မြင်ပါ။ ယခင်အခါက ဥယျာဉ်တဲမှာ ရုပ်တုများပြုလုပ်ထားသော်လည်း ယခုအခါတွင် နံနက်စောစော ကျန်းမာရေးအတွက်လမ်းလျှောက်သူလေးငါးယောက်သာ ဥယျာဉ်ထဲတွင် လမ်းလာလျှောက်လေ့ရှိပါသည်။ သိင်္ဂုတ္တရဥယျာဉ်လိုပင် တော်လှန်ရေးပန်းခြံတွင်လည်း လူရှင်းလျက်ရှိပါသည်။

## 'ခြင်္သေ့ရုပ်များ'

ရွှေတိဂုံစေတီတော်မှာ တောင်ဘက်စောင်းတန်းမုခ်ဦးထိပ်မှာသာ ခြင်္သေ့ကြီး (၂) ကောင်ရှိပြီး ယခုနောက်ပိုင်းတွင် စောင်းတန်း(၄)သွယ်လုံး ခြင်္သေ့ရုပ်များရှိလာသည်။ ရန်ကုန်မြို့မှရှိသော ဘုရားများအားလုံးလိုလို ခြင်္သေ့ရုပ်များရှိကြသော်လည်း ရွှေတိဂုံဘုရားတောင်ဘက်မုခ်မှာရှိသော ခြင်္သေ့ကြီး (၂) ကောင်ကသာ အကြီးဆုံးဖြစ်ပြီး နှစ်အကြာဆုံးခြင်္သေ့(၂) ကောင်လည်းဖြစ်သည်။ ထိုခြင်္သေ့ကြီး (၂) ကောင်အလှူရှင်မှာ ပွဲစားကြီးဦးကုလားဖြစ်သည်။

## 'ရှင်ဥပဂုတ္တရေကန်ကြီး'

ရှင်ဥပဂုတ္တ ရေကန်ကြီးမှာ မြောက်ဖက်မုခ်အစွန်နားတွင် ရှိသည်။ ရှင်ဥပဂုတ္တ ရုပ်တုကြီးကို ကျောင်းဆောင်ကြီးနှင့် ကိုးကွယ်ထားပြီး ကျောင်းဆောင်ကိုသွားရန် ရေကန်ကြီးကို တံတားပြုလုပ်ပေးထားပါသည်။ ထိုရေကန်ကြီးမှာ ဒုတိယကမ္ဘာစစ်ဖြစ်စဉ်က ဗုံးများကျ၍ ရေကန်ကြီးဖြစ်နေရာ ထိုရေကန်ကြီးကို ပြုပြင်ပြီး ကန်ပတ်လည်တလျှောက်တွင် သစ်ပင်မျိုးစုံ၊ ပန်းမျိုးစုံစိုက်ပျိုးထားသည်။ ရေကန်ကြီးအစပ်မှာ အပန်းဖြေထိုင်ရန် ထိုင်ခုံများပြုလုပ်ပေးထား၍ ရှင်ဥပဂုတ္တရေကန်ကြီးမှ ဘုရားဖူးလာသူများ အပန်းဖြေနေကြသည်ကိုလည်း တွေ့မြင်ရပါမည်။

## 'ရေစင်ကြီးများနှင့် ရေလှောင်ကန်များ'

ရွှေတိဂုံစေတီကုန်းတော်ပေါ်တွင် ရေလှောင်ထားသော ရေစင်ကြီး (၂) ခု ရှိသည်။ ထိုရေစင်ကြီး (၂)ခုမှာ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ် အလယ်ပစ္စယာတွင် ရေစင်ကြီးတစ်ခုဆောက်ထားပြီး ပေ (၁၀၀) ခန့်မြင့်၍ ရေဂါလံ (၆၀၀၀) ကျော် သိုလှောင်ထားသည်။

နောက်ရေလှောင်ထားသော စင်ကြီးတစ်ခုမှာ အရှေ့ဘက်မုခ်၊ အလယ်ပစ္စယာမှာရှိသည်။ ရေဂါလံ (၆၀၀၀) ကျော်လှောင်ထားသည်။

ထိုရေလှောင်သော စင်ကြီး (၂) ခုအပြင်၊ တောင်ဘက်မုခ်အလယ်ပစ္စယာတွင်လည်းရေလှောင်ကန်ကြီး တစ်ကန်ရှိသည်။ ထိုရေလောင်ကန်ကြီးမှာ ကဆုန်လပြည့် ညောင်ရေသွန်းရာတွင် ထိုရေလှောင်ကန်မှ ရေများကို အသုံးပြုသည်။

## 'ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်မှ သန့်ရှင်းရေးအသင်းများ'

ရွှေတိဂုံစေတီတွင် သန့်ရှင်းရေးအသင်းပေါင်း (၁၀၀) ခန့်ရှိသည်။ ထိုသန့်ရှင်းရေးအသင်းပေါင်း (၁၀၀) ခန့်အနက်မှ တချို့မှာ နောက်မှတိုးလာခဲ့သောအသင်းများဖြစ်သည်။ အသင်းများမှာ အသင်းသားဦးရေ (၅၀)၊ (၁၀၀) နှင့် (၃၀၀)ခန့်ထိ ရှိသည်။ ရှေးယခင်က အသင်း (၁၀)သင်းခဲ့သာ ရှိခဲ့ပြီး။ ထိုအသင်းများထဲတွင် အသင်းသူအသင်းသားများမှ ရွှေတိဂုံစေတီတော်နှင့်ပတ်သက်သော ကုသိုလ်ရေးမှန်သမျှ လုပ်ဆောင်ခဲ့ကြသည်။ ထိုအသင်းများ၏ အချို့အသင်းသက်တမ်းမှာလည်း နှစ် ရာကျော်ခန့်ရှိပြီး၊ ယခုချိန်ထိရှိနေသော အသင်းအချို့မှာ "ရောင်တော်ဖွင့်အသင်း"၊ "သုကကာရီအသင်း" "ဝေနေယျသုခအသင်း" စသည်တို့ဖြစ်သည်။ ပျက်သွားသောအသင်းများမှာ "အဂ္ဂဉတကအသင်း"၊ "ရေဝန်ရုံးအသင်း"၊ "ဘီဒိုစီ ဓနိတောအသင်း"၊ "စေတိယင်္ဂဏအသင်း"များသည် ယခုမရှိကြတော့ပေ။

## 'ကြီး(၉)ကြီး အစီအစဉ်ဝင်ရန်ဘုရားများ'

၁။ ကိုးထပ်ကြီးဘုရား၊ စမ်းချောင်း၊ ဗားကရာလမ်းတွင်ရှိသည်။

၂။ ကြေးသွန်းဘုရားကြီး၊ ဗဟန်း၊ ရေတာရှည်လမ်းမှာရှိသည်။

၃။ မဟာမင်္ဂလာဆုတောင်းပြည့်ဘုရားကြီး၊ ဗဟန်း၊ ညောင်တုန်းကျောင်းတိုက်ဝန်းထဲတွင်ရှိသည်။

၄။ ခြောက်ထပ်ကြီးဘုရား၊ ရွှေဂုံတိုင်လမ်း၊ ရွှေဂုံတိုင်ဆေးရုံ။

၅။ ငါးထပ်ကြီးဘုရား၊ ရွှေဂုံတိုင်လမ်း၊ ရွှေဂုံတိုင်ဆေးရုံ။

၆။ နောင်တော်ကြီးဘုရား၊ ရွှေတိဂုံစေတီ ကုန်းတော်ပေါ်တွင်ရှိသည်။

၇။ ချမ်းသာကြီးဘုရား၊ ရွှေတိဂုံစေတီအောင်မြေအနီးတွင်ရှိသည်။

၈။ ရွှေခေါင်းလောင်းကြီးဘုရား၊ ရွှေတိဂုံစေတီအရှေ့ဘက်၊ မုခ်ဦးထိပ်နားမှာရှိသည်။

၉။ ရဟန္တာသိမ်တော်ကြီး၊ ရွှေတိဂုံစေတီတောင်ဘက်မုခ်၊ ရွှေတိဂုံဘုရားလမ်းဘေးတွင်ရှိသည်။

## 'ရွှေတိဂုံစေတီမှ မှတ်တမ်းမှတ်ရာများ'

ရွှေတိဂုံစေတီရေိယာအကျယ်အဝန်း (၁၄၄ ဧက) ရင်ပြင်တော်ပတ်လမ်း အကျယ် (၁၄ ဧက)၊ စေတီတော်ကြီးဉာဏ်တော်အမြင့် (၃၂၆ ပေ) အရံစေတီပေါင်း (၆၈) ဆူရှိသည်။ နောင်တော်ကြီးစေတီတော် ဉာဏ်တော်အမြင့် (၁၅၀ ပေ)၊ အရံစေတီ (၂၄) ဆူ ဖိနပ်တော်အမြင့် (၇ ပေ)၊ ခေါင်းလောင်းကြီးနှစ်လုံး အလှူရှင်များနှင့် ခေါင်းလောင်းကြီးများ ကြေးပိဿာချိန်

- သာယာဝတီမင်းခေါင်းလောင်း၊ ခရစ်နှစ် (၁၈၄၁) ခုနှစ်တွင် သွန်းလုပ်သည်။ ကြေးပိဿာချိန် (၂၅၉၄၀ နှင့် ၄၉ ကျပ်သား) ခေါင်းလောင်းအမည် မဟာတိသဒ္ဒါ။

- စဉ့်ကူးမင်းခေါင်းလောင်း၊ (၁၁၄၀ ခုနှစ်) တွင် သွန်းလုပ်သည်။ ကြေးပိဿာချိန် (၁၅၅၅၅) ပိဿာ၊ ခေါင်းလောင်းအမည် - မဟာဃဏ္ဍာ

## 'ရွှေတိဂုံစေတီရင်ပြင်ပေါ်မှ စေတီများစာရင်း'

| | | |
|---|---|---|
| ဘုရားစေတီ | ၃၃၈ | ဆူ |
| ဆင်းတုတော် | ၁၆၆၂ | ဆူ |
| အာရုံခံတန်ဆောင်း | ၄ | ခု |
| တန်ဆောင်း | ၇၂ | ခု |
| ကြေးခေါင်းလောင်း | ၃၁ | လုံး |
| ပန်းအိုးပန်းခိုင် | ၄၄ | လုံး |
| ဂြိုလ်တိုင် | ၁၂ | ခု |
| မီးမောင်းစင် | ၃၅ | ခု |
| ဓါတ်တိုင် | ၃၈ | တိုင် |
| ရေတိုင်ကီ | ၉ | လုံး |



ရွှေတိဂုံစေတီတော်ကြီး၏ ကြာမှောက်ကြာလှန်များ



ခေပိသွားဖူးတော်မှ လှူဒါန်းထားသော ရတနာများ



ဇေတဝန ဘုရား မြောက်တက်ပုံ



ဇာဓဃမ္ဗ ဘုရား အဝေနာဂါပုဒ်


30/03/2013
ကကုသန် ဘုရား ဓာတုတော်ပုံ



တံခွန်တိုင်အနီးအသင်းများ ဆွမ်းဆန်ဓာဟာရကပ်ပွဲ ကျင်းပနေစဉ်



ဓါတ်ပုံသက်နိုးကပ်လှူပူဇော်ပွဲကျင်းပနေစဉ်



ဗိုးတော်ဦး ဇာမ္ဗူကာ သုဗြိုနတ် ရုပ်တုများ



မြောက်ဘက်မုခ်ဦးဘေးမှ သွေးဆေးကန်



မွှေခတော်မင်းကျောက်စာ



ဂန့်ကျွန့်ဘိုးဘိုးကြီးနတ်နန်း



ရှင်အရဟံ တန်ဆောင်းတွင်းမှ ရုပ်ပွားတော်များ



တာဝေရုံးဒေသမှ ဥဒေါ်မြတ်ဘုရားတော်အား ကြည်ညို့နေပုံ

| | | |
|---|---|---|
| ရေချမ်းစင် | ၆ | ခု |
| ရွှေမိုက်ကန် | ၉ | ခု |
| ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက် | ၁ | ခု |
| စက်လှေကား | ၁ | စင်း (အနောက်ဖက်မုခ်) |
| ဓါတ်လှေကား | ၇ | စင်း |
| | | တောင်ဘက်မုခ်မှာ (၃) စင်း |
| မီးစက်ရုံ | ၂ | ခု |

ယခုဖော်ပြထားသည်မှာ ကုန်းတော်ပေါ်မှာရှိသော အဆောက်အဦးများဖြစ်သည်။

ကုန်းတော်အောက်ပိုင်းတွင်

၁။ သိင်္ဂုတ္တရဥယျာဉ်ပန်းခြံ
၂။ ဗုဒ္ဓဝင်ခန်းကြီး
၃။ ရှင်ဥပဂုတ္တရေကန်ကြီး
၄။ မြောက်စောင်းတန်းဈေးဆိုင်ခန်းများ၊ ကားရပ်နားကွင်း
၅။ အရှေ့ဘက်စောင်းတန်း ဈေးဆိုင်များနှင့် ကားကွင်း
၆။ တောင်ဘက်စောင်းတန်း ကားကွင်းရှိသည်။
၇။ ကုန်းတော်အောက်ပိုင်းတွင် ဇရပ်များရှိသော်လည်း ယခုအခါ ဇရပ်ကျောင်းများ ဖြစ်ကုန်သည်။

## 'ရွှေတိဂုံစေတီတော် ၏ တန်ဆောင်းကြီးလေးသွယ်'

## (အရှေ့ဘက်မုခ် အာရုံခံတန်ဆောင်း)

အရှေ့ဘက်တန်ဆောင်းသည် ဗဟန်းကြားတောရလမ်းမှ တည့်တည့်တက်၍ ရသောလမ်းဖြစ်သည်။ အရှေ့ဘက်စောင်းတန်းသည် အရှည်ဆုံး စောင်းတန်းဖြစ်၏။ အရှေ့မုခ်တန်ဆောင်းအား ယခင်က ဦးကုလားကြီးတန်ဆောင်းဟု လူသိများ သည်။ အရှေ့ဘက်မုခ်ရှိ ရုပ်ပွားတော်မှာ ဤဘဒ္ဒကမ္ဘာတွင် အဦးဆုံးပွင့်တော်မူသော ကကုသန်ဘုရားရှင်၏ ရုပ်ပွားတော်မြတ်ကြီးရှိသည်။ ရွှေ၊ ငွေ၊ သံ၊ ကြေး၊ ခဲ၊ သတ္တုငါးမျိုးဖြစ်သည့် ပဉ္စလောဟာတို့ဖြင့် သွန်းလုပ်ထားသော စဥ့်ကူးမင်း၏ ကုသိုလ်တော်ဖြစ်သည်။ စောင်းတန်း(၄)ခုရှိ ရုပ်ပွားတော် (၄)ဆူစလုံးကို စဥ့်ကူးမင်းမှ လှူဒါန်းဒါန ပြုထားကြောင်း သိရှိရသည်။ ရုပ်ပွားတော်မှာ လက်ျာလက်တော်ကို အောက်သို့ ဖြန့်ချထားပြီး လက်ဝဲပြင်တော်ကို ကြည်ညိုဖူးမြော်သူ၏ ဘက်သို့ လှည့်ပြထားသော ဝရဒမုဒြာ ပုံတော်ဖြစ်သည်။ လက်ျာလက်မနှင့် လက်ချောင်းလေးများကို ကွေးထားကာ ဖူးမြော်သူတို့အား တစ်စုံတစ်ရာ ချီးမြှင့်တော့မည့်ဟန်ဖြစ်ပြီး ပူဇော်သူတို့ ရာထူးဌာန နန္တရ တိုးတက်စေခြင်း၊ ဆုတောင်းပြည့်ဝစေခြင်း၊ အရောင်းအဝယ်ကောင်းစေခြင်း၊ စစ်ချီစစ်တိုက်ရာတွင် အောင်မြင်စေခြင်း၊ လာဘ်လာဘပေါ်များစေခြင်း၊ ခြေရံသင်းပင်း ပေါ်များစေခြင်း၊ သစ္စာအဓိဋ္ဌာန်ပြုရာတွင် အစွမ်းထက်မြက်စေခြင်း စသော အကျိုးထူးများကို ရရှိစေနိုင်ပါသည်။ ထိုရုပ်ပွားတော်တွင် ပြဒါးရှင်တစ်လုံးရှိသည်ဟု ဆိုပါသည်။ ထို့ကြောင့် လောကီဝိဇ္ဇာလမ်းကို တက်လှမ်းလိုသူများအတွက် လိုရာဆန္ဒများ ပြီးပြည့်စုံကြောင်း အဆိုရှိကြပါသည်။ အဦးဆုံး အလှူရှင်မှာ သာယာဝတီမင်း၏ အိမ်ရှေ့မိဖုရား (မမြလေး) ဖြစ်သည်။ ယခင်လှေကားထစ်ပေါင်း (၁၆၉) ထစ်ရှိသည်။ ယခုအခါ လှေကားထစ်ပေါင်း (၂၀၄) ထစ်ရှိပြီဖြစ်သည်။

## (အနောက်ဘက်မုခ် အာရုံခံတန်ဆောင်း)

အနောက်ဘက်မုခ်တန်ဆောင်းကို နှစ်ပြားတန် တန်ဆောင်းဟု ခေါ်ကြသည်။ ကျပ်၊ ပဲ၊ ပြား သုံးကြသော အင်္ဂလိပ်လက်ထက်က ရန်ကုန်မြို့ သိမ်ကြီးဈေးသူ ဈေးသားများသည် တစ်နေ့လျှင် နှစ်ပြား(ပဲဝက်မျှ) မှန်မှန်ကောက်ခံစုဆောင်း၍ စုပေါင်းလှူဒါန်းခဲ့ကြခြင်းဖြစ်သည်။ ရွှေအများဆုံးချထားသော တန်ဆောင်းကြီးဖြစ်သည်။ အနောက်ဘက်မုခ်ရှိရုပ်ပွားတော်မှာ ကဿပဘုရားရှင်၏ ရုပ်တုတော်ရှိပါသည်။ အလောင်းတော်သည် ဒုက္ကရစရိယာကို (၇)ရက်မျှ ကျင့်၍ ဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။ အလွန်မပင်ပန်းဘဲ လွယ်ကူစွာသာလျှင် ဘုရားအဖြစ်သို့ ရောက်တော်မူသော ဘုရားဖြစ်၍ ထိုဘုရားရှင်အား ပူဇော်ကိုးကွယ်ပါက မိမိတို့လည်း လွယ်ကူစွာ အကျင့်စရဏများအောင်မြင်နိုင်ကြပေမည်။

ထိုရုပ်ပွားတော်မှာ ကျောက်သားဆင်းတုတော်ဖြစ်၍ မင်းမြှောက်တန်ဆာ မကိုဋ်သရဖူ ဆောင်းထားသော မာရဝိဇယမုဒြာ ပုံတော်ဖြစ်သည်။ မာရ်ငါးပါးကို အောင်မြင်တော်မူပုံဖြစ်၍ ထိုရုပ်ပွားတော်ကို ပူဇော်ကိုးကွယ်ပါက ဘေးရန်အန္တရာယ်အပေါင်းကင်းစေနိုင်သည်။ ထိုရုပ်ပွားတော်တွင်လည်း ပတ္တမြားမျက်ရှင်တစ်လုံးရှိသည်ဟု ဆိုကြသည်။ ယခင်လှေကားထစ် (၁၅၇) ထစ်ရှိသည်။ နောင်အခါ လှေကားထစ်ပေါင်း (၁၇၅) ထစ်ရှိသည်။ ယခု စက်လှေကားအဖြစ် တည်ရှိသည်။

## (တောင်ဘက်မုခ် အာရုံခံတန်ဆောင်း)

ရန်ကုန်မြို့တွင်းမှ ဘုရားလမ်းအတိုင်း စေတီတော်ကြီးသို့ တက်ရောက်ဖူးမြော်နိုင်သည်။ တန်ဆောင်းတော်၏ မူလအလှူရှင်မှာ ဦးဘရီ၊ ဒေါ်သန်းမေ တို့ဖြစ်ကြသည်။ တောင်ဘက်မုခ်ရှိ ရုပ်ပွားတော်မှာ ကောဏာဂုံဘုရားရှင်၏ ရုပ်ပွားတော် စမွာယ်လျက်ရှိပါသည်။ ဘဒ္ဒကမ္ဘာတွင် ပွင့်ခဲ့ပြီးသော ဘုရားလေးဆူအနက် ဒုတိယမြောက်ဖြစ်သည်။ လက်တော်ထားဟန်မှာ မြေကြီးကို သက်သေပြု၍ မာရ်နတ်ကို အောင်မြင်တော်မူ


သော ဘူမိဖဿမုဒြာ ပုံတော်ဖြစ်သည်။ "ဤမြေပံသု၊ သက်သေပြုသည် သက်သေအမှု တည်ပါစေ" ဟူ၍ ဤမြေဝသုန်ကို သက်သေညွှန်းတော်မူပုံဖြစ်ပါသည်။ ဤရုပ်ပွားပုံ တော်သည် အောင်ခြင်းရှစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်တော်မူပြီး၊ ပူဇော်ကိုးကွယ်သူ တို့အား ရန်သူအပေါင်းကို အောင်မြင်ခြင်း၊ တရားနိုင်ခြင်း၊ နတ်မိစ္ဆာတို့ကိုနိုင်ခြင်း၊ မြေကြမ်းတို့ ကိုနိုင်ခြင်း စသည့် အောင်မြင်ခြင်း အဖြာဖြာတို့ကို ရရှိစေနိုင်ပါသည်။ ကောဏဂုံ အမည်တွင်ရခြင်းအကြောင်းမှာ ဏောဏဂုံဘုရားလောင်းတော်ဖွားစဉ်က ရွှေမိုးကြီး ရွာသွန်းခဲ့သဖြင့် "ကနကာဂမန" ရွှေလာသောသား၊ ရွှေမိုးရွာသောသားဟု မှည့်ခေါ် ကြလေသည်။ ကာလကြာသာအခါ ကနကာဂမန မှ ကောဏာဂမန ဖြစ်လာကြောင်းပြဆိုသည်။ ဤဆင်းတုတော်အား ပူဇော်ပါက တောင်းဆုချွေပါက ရွှေငွေပစ္စည်း ဉစ္စာရတနာ များပေါကြွယ်ဝပေလိမ့်မည်။ တောင်ဘက်တန်ဆောင်းရှိ လှေကားထစ်မှာ (၁၀၀) ထစ်ရှိ ပြီး ယခုအခါ (၁၆၆) ထစ်ရှိသည်။

## (မြောက်ဘက်မုခ် အာရုံခံတန်ဆောင်း)

မြောက်ဘက်မုခ်ရှိ ရုပ်ပွားတော်မှာ ဤကမ္ဘာတွင် စတုတ္ထမြောက်ပွင့်သော ဂေါတမဘုရားရှင်၏ ရုပ်ပွားရှိသည်။ ရုပ်ပွားတော်မှာ ဘူမိဖဿမုဒြာပုံ ဖြစ်သည်။ မာရ်နတ် သားကို အောင်မြင်သော ပုံတော်ဖြစ်၍ မာရဝိဇယမုဒြာဟုလည်း ခေါ်သည်။ အလွန် တန်ခိုးသိဒ္ဓိနှင့်ပြည့်စုံသောကြောင့် အဓိဋ္ဌာန်ဝင်လိုသူတို့သည် "ဘုရားရှင်သည် မာရ် ငါးပါးကို မုချအောင်မြင်တော်မူပါ၏။ ဤမှန်သော သစ္စာစကားကြောင့် တပည့်တော် လည်း ရန်အပေါင်းကို အောင်မြင်ရပါလို၏ ဘုရား" ဟု သုံးကြိမ်ရွတ်ဆို၍ အဓိဋ္ဌာန်ပြုပါ က ဘေးရန်အန္တရာယ်အပေါင်းမှ မုချလွတ်ကင်းနိုင်ပါမည်။ လှေကားထစ်ပေါင်း (၁၂၈) ထစ်ရှိပြီး ယခုအခါ (၁၄၃) ထစ်ရှိပါသည်။ အာရုံခံတန်ဆောင်း (၄)ခုလုံးတွင် ပတ္တမြား မျက်ရှင်တစ်လုံးစီ ကပ်လှူထားခဲ့၍ ဂမ္ဘီရလိုက်စားသူများအတွက် လိုရာ စခန်း အရောက် တက်လှမ်းနိုင်ပြီး သိဒ္ဓိအမျိုးမျိုး ပြီးမြောက်အောင်မြင်နိုင်ကြောင်းလည်း သိရသည်။

## (အရှေ့ဘက်မှုစ် အာရုံခံတန်ဆောင်း)

အရှေ့ဘက်တန်ဆောင်းသည် ဗဟန်းကြားတောရလမ်းမှ တည့်တည့်တက်၍ လာရသောလမ်းဖြစ်သည်။ အရှေ့ဘက်စောင်းတန်းသည် အရှည်ဆုံး စောင်းတန်းဖြစ်ပါသည်။ အရှေ့မုခ်တန်ဆောင်းကို ယခင်က ဦးကုလားကြီးတန်ဆောင်းဟု လူသိများသည်။ အရှေ့ဘက်မုခ်ရှိ ရုပ်ပွားတော်မှာ ဤဘဒ္ဒကမ္ဘာတွင် အဦးဆုံးပွင့်တော်မူသော ကကုသန်ဘုရားရှင်၏ ရုပ်ပွားတော်မြတ်ကြီးရှိပါသည်။ ရွှေ၊ ငွေ၊ သံ၊ ကြေး၊ ခဲ၊ သတ္တုငါးမျိုးဖြစ်သည့် ပဥ္စလောဟာတို့ဖြင့် သွန်းလုပ်ထားသည်။ စဥ့်ကူးမင်း၏ ကုသိုလ်တော်ဖြစ်သည်။ စောင်းတန်း(၄)ခုရှိ ရုပ်ပွားတော် (၄)ဆူစလုံးကို စဥ့်ကူးမင်းမှ လှူဒါန်းဒါနပြုထားသည်ဟု သိရှိရသည်။ ရုပ်ပွားတော်မှာ လက်ျာလက်တော်ကို အောက်သို့ ဖြန့်ချထားကာ လက်ဝါးပြင်တော်ကို ကြည်ညိုဖူးမြော်သူ၏ ဘက်သို့ လှည့်ပြထားသော ဝရဒမုဒြာ ပုံတော်ဖြစ်သည်။ လက်ျာလက်မနှင့် လက်ချောင်းလေးများကို ကွေးထားကာ ဖူးမြော်သူတို့အား တစ်စုံတစ်ရာ ချီးမြှင့်တော့မည့်ဟန်ဖြစ်၍ ပူဇော်သူတို့အား ရာထူးဌာနန္တရ တိုးတက်စေခြင်း၊ ဆုတောင်းပြည့်ဝစေခြင်း၊ အရောင်းအဝယ်ကောင်းစေခြင်း၊ စစ်ချီစစ်တိုက်ရာတွင် အောင်မြင်စေခြင်း၊ လာဘ်လာဘပေါ်များစေခြင်း၊ ခြေရံသင်းပင်းပေါ်များစေခြင်း၊ သစ္စာအဓိဋ္ဌာန်ပြုရာတွင် အစွမ်းထက်မြက်စေခြင်း စသော အကျိုးထူးများကို ရရှိစေနိုင်ပါသည်။ ထိုရုပ်ပွားတော်တွင် ပြဒါးရှင်တစ်လုံးရှိသည်ဟု ဆိုပါသည်။ ထို့ကြောင့် လောကီဝိဇ္ဇာလမ်းကို တက်လှမ်းလိုသူများအတွက် လိုရာဆန္ဒများ ပြီးပြည့်စုံသည်ဟု အဆိုရှိကြပါသည်။ အဦးဆုံး အလှူရှင်မှာ သာယာဝတီမင်း၏ အိမ်ရှေ့မိဖုရားဖြစ်သည်။ လှေကားထစ်ပေါင်း (၁၆၉) ထစ်ရှိသည်။ ယခုအခါ လှေကားထစ်ပေါင်း (၂၀၄) ထစ်ရှိပြီဖြစ်သည်။


ENTRANCE S.D. PAGODA


SIDE ENTRANCE S.D. PAGODA RANGOON
COPYRIGHT.



၁၉၀၀ ခုနှစ် တောင်ဘက်စောင်းတန်း



ရှေးက အရှေ့ဘက်ဝင်သောရုံခံတန်ဆောင်း



ဦးရှိန်ဘာနှင့် ဒေါ်ကြည်ကြည်တန်ဆောင်း




ယခင်အခါက ရှိခဲ့သောကြီးဘုရား




ရှေးက စံခွန်စေတီ



ရှေးအခါက တောင်ဘက်စောင်းတန်း







## ညွန့်မောင်ဦး

## ၏

## ထွက်ရှိပြီး စာစဉ်များ

၁။ မြတ်ဘုရားရွှေတိဂုံ(နှင့်) အံ့ဖွယ် (၂၁) ဌာန

(၇) ကြိမ်မြောက်၊ ထုတ်ဝေပြီး

(ယခု) ၂၀၁၈ (ဇန်နဝါရီလ) ထုတ်

၂။ မြတ်ဘုရားရွှေတိဂုံ (ပုံတော်စုံ)

## ဆက်လက်ထွက်ရှိမည့် စာစဉ်များ

(က) မြတ်ရွှေတိဂုံ နှင့် သိုက်စောင့်ညီအစ်မ

မင်းစိန်မင်းသိန် (ဂမ္ဘီရဝတ္ထုရှည်)

(ခ) ရွှေမနိုင်ခင်လေး နှင့် အခြားဝတ္ထုတိုများ

(ဂ) ကေလာသစေတီတော် နှင့် သူတော်လေးရဲ့ နှလုံးသားရာဇဝင်

(ဃ) နွားတိုက်ပွဲနှင့် ဂမ္ဘီရကျေးလက်ဝတ္ထုတိုများ



ရွှေတိဂုံစေတော် ဆိန်ဖူးတော်





ဇမ္ဗူပတိ ဘုရား



ဆုတောင်းပြည့်ဘုရား


မူလ ရွှေဒေါ်ဘုရား



အရှေ့ဘက်အာရုံခံတန်ဆောင်းတွင်းမှ ကကုသန်ဘုရား
လက်ဖက်လက်ပုံ



ဇေတဝန်မြတ်စွာဘုရားမှ တပုဿနှင့်ဘလ္လိက ကုန်သည်နှစ်ဦးအား ဆံတော်(၈)ဆူ ချီးမြှင့်တော်မူပုံ



သောကြာစေတော်မှ ခြေတော်ရာ



နေလဘုရားအနီးမှ ငါး(၅)ပါးဘုရား



တဂိဒေသာ၌ သောတုံးသာဂတာန်ခေါင်းအတွင်း၌ ပိတုန်းပိတောင်းဘုရား



ရှေးအခါက အလျှာတော်သိမ်းအဖွဲ့





တောင်ဘက်စောင်းတန်း၌ သာသနာတော်ဝင်သိမ်း ပုထိုးအတွင်း၌
ကျွန်ုပ်သည်ပူဇော်သည့်တော်ဘုရား

ဒေသကြီးဝင်တော်ဆောင်းအဖွဲ့ခံ၏
ရှေ့ရှုခံရှိမြို့ဘုရားတော်



ရှင်စောပု ဆုတောင်းပြည့်ဘုရား



မွှေ့ဓေတော် ဆုတောင်းပြည့်ဘုရား




ဘိုးဘိုးအောင် ဆုတောင်းပြည့်ဘုရား



ရွှေတိဂုံစေတီအောက်ခြေရှိ မိတောက်ခိုင်းဘုရားများ



အနောက်ဘက်ဆောင်းတန်းမုခ်ဦး



ယခုမြင်ရသော ရွှေတိဂုံ



ဥက္ကလာပမင်းကြီး၏ မေညိုးတော် သိကြားမင်း



ဥက္ကလာပမင်းကြီး၏ မယ်တော် မယ်ဂဗ္ဗ



ရွှေတိဂုံစေတီတော်မြတ်ကြီးကို စတင်တည်ထားကိုးကွယ်သည့်
ဥက္ကလာပမင်းကြီး



ထီးတော်ပေါ်ရှိ ဆွဲလည်းများ



ငှက်မြတ်နားအောက်တော်မှာရှိ ထပ်မံသွားပုံတော်တွင်
လှူဒါန်းထားသော ကျောက်စိမ်းပတ္တမြားနှင့် ရွှေငွေရတနာများ



ထီးတော်မှ ခေါင်းလောင်း



ဘိုးတော် သိကြားမင်း



ဗုဒ္ဓဝင်ပြခန်းရှိဘုရား



ရှင်မထီးဘုရား


ပတ္တမြားချက်ရှင် ဆုတောင်းပြည့်ဘုရား



တိုးတိုးတောပ် ရှုဘုရား



ဘိုးဘိုးအောင် တန်ဆောင်းအတွင်းရှိ ရုပ်ပွားတော်



မဉ္ဇူဖြား မျက်ရှင်ဘုရား



ရှင်အရဟံ တန်ဆောင်းတွင်းမှ ရုပ်ပွားတော်များ



တာရေးသမ္မ ဒုက်ပြိတ်နားတော်အား ကြည်ညိုနေပုံ



ဓမ္မစေတီမင်းကျောက်စာ



ရန်ကုန်ဘိုးဘိုးကြီးနတ်နန်း


ဘိုးတော်မြို့ ဂမ္ဘီရ၊ သုခမိန်တော် ရုပ်တုများ


မြောက်ဖက်မုခ်ဦးမှ ဈေးဆေးတန်း
30/03/201



တံခွန်တိုင်အနီးအသင်းများ ဆွမ်းဆန်လောင်းပွဲ ကျင်းပနေစဉ်



ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကျင်းပနေစဉ်


30/03/2013




ကဿပ ဘုရား အဓေခါဂိမုဒ်




ဓေါတာမ ဘုရား ဗြောက်တက်မှမ်



ရွှေတိဂုံစေတီတော်ကြီး၏ ကြာမှောက်ကြာလှန်များ



ဆပ်သွားမုးတော်မှ လှူဒါန်းထားသော ရတနာများ



ရွှေထီးဝိုင်းတော်မှ ငှက်မြတ်နားတော်



နေလ ဘုရား



ဆဆယ်တော်မူဘုရား



ဖြဒိးရှင်ဘုရား



စိဍ္ဍကူးမင်းခေါင်းလောင်း



ရှေးဟောင်းတန်ဆောင်းမှ ဘုရားများ



သာယာဝတီမင်းခေါင်းလောင်း



ရွှေဝေါ် ဘုရား



ကျောက်စိမ်း ဘုရား



ဗိဿကာတန်ဆောင်းအတွင်းရှိ ရုပ်ပွားတော်များ



တနင်္ဂနွေဆောင်မှ ရုပ်ပွားတော်တစ်ဆူ



မဟာဗောဓိ၊ ဗုဒ္ဓဝင်ဝင်ကားများ ရှေ့ပြေးဆောင်ဘုရား



တောင်မင်းတောင်၌ စေတီ အခရာကဲ့ပြောက်မှုခွင်ခန်းမအမိုး



ပျူဇော်သုဘုရားအာနိုး၏ ကျောက်ခြင်းသုံးဘုရား



မွန်တင်တောင် စေတီ ရကြိုည်တော်စနုံတောင်း





ဘောင်ခေါင်းတန်း ဈေးရုံကသိန်းအာလှူပွဲ




ပန်းစေတီများတည်ထားပုံ



ဇေတုဝန်ရွှေတော၏ ဗောဓိညောင်ပင်



ဆိုးပင်းဝင်းဝင် ရုပ်ထု



# မြတ်ဘုရားရွှေတိဂုံ (ပုံတော်ခံ)

ညွန့်မောင်ဦး (ရေးသားပြုစုသည်)

